
စိတ်ကူးချိုချိုအနုပညာ

# ရဲခေါင် နရုံကလေး





ဒုတိယအကြိမ်

mgyoe.com

mgyoe.com

တော်ဖြောင့်မှန်ကန်သော ဘဝလူတန်းစားသမီးဖြစ်သော
နရုံက ကျွန်တော့်ထက် တိုင်းပြည်လူထုကိုကြည့်ပြီး
အချစ်အတွက် အသက်ကို
အလဟဿ မဖြုန်းတီးလိုက်ပုံကလေးမှာ....




ISBN 9789997110527
FIC110
9 789997 110527
1,800.00KS

mgyoe.com

နရုံကလေး၊ ရဲခေါင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
တမျက်နှာ ၁၃၂+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
(၁၉၅၀ ခန့်၊ ပထမအကြိမ်)

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# နုရုံကလေး

ရဲခေါင်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မျိုးဝင်း၏အမှာ
## (၁)

လွန်ခဲ့သော ဖွန်လပထမအပတ်အတွင်းကပင်ဖြစ်သည်။

ကျွန်တော်သည် ရေးဖော် ကိုမိုးဝေနှင့်အတူ...။ ခေတ်ပြင်စာပေဌာနတွင်ရှိနေသော စာမူဟောင်းများကို ပြန်လည်ရှင်းလင်းနေမိကြသည်။ ကျွန်တော်တို့၏ ခြေလှမ်းသစ်တစ်ရပ်ဖြစ်သော 'အာရုံမဂ္ဂဇင်း' အတွက်၊ တိမ်မြုပ်နေသော စာမူကောင်းများ ရှိလိုရှိငြား ရှာဖွေနေမိသည်။ အမှန်အားဖြင့် ယခင်သစ်ဆန်း၊ အလင်းရောင်စသော အထမမြောက်ခဲ့သည့် မဂ္ဂဇင်းများထုတ်ဝေခဲ့စဉ်က ထိုမဂ္ဂဇင်းများကိုသာ ရပ်ဆိုင်းခဲ့ရသည်၊ မသုံးလိုက်ရဘဲ ကျန်နေသော စာမူများကားရှိနေခဲ့ပေသည်။

သို့နှင့်ပင် ကိုမိုးဝေနှင့်ကျွန်တော်တို့ နှစ်ယောက်သား စားပွဲဗီရိုတွေထဲမှ ဖိုင်တွဲများကို တစ်ခုပြီးတစ်ခုထုတ်ယူကြကာ၊ ကော်ပီတစ်ထပ်ကြီးကို ရှင်းလင်းကြလေသည်။ ကော်ပီတွေကား အတော်များပြားလှပါသည်။

သို့ရှိစဉ် ကိုမိုးဝေသည် ဝမ်းသာအားရနှင့် "အို... ဒီမှာ ကိုရဲခေါင်ရဲ့စာမူတွေပါလားဗျ..." ဟု ပြောပြောဆိုဆိုနှင့် စာမူတစ်ထပ်ကို ဖိုင်တွဲထဲမှ ဆွဲသုတ်လိုက်လေသည်။ ကျွန်တော်လည်း ရင်းနှီးလှသော

mgyoe.com

mgyoe.com

( ၁ )

ကိုရဲခေါင်၏လက်ရေးများကို လှမ်းကြည့်မိလေသည်။

ကော်ပီစာအုပ်မှဆုတ်ထားသော စက္ကူများအပေါ်၌ "ဝတ်လစ်စလစ်သစ္စာ" ဝတ္ထုတိုအစအဆုံးကို တွေ့ရလေသည်။သို့တစေလည်း အခြားသုံးပုဒ်ကား တစ်ပိုင်းတစ်စပင် ဖြစ်လေသည်။

ထိုသုံးပုဒ်အနက် တစ်ပုဒ်မှာအမည်မတင်ရသေး၊ နောက်တစ်ပုဒ်ကို... "အုံ့ကာလေတဖွဲဖွဲ" ဟု အမည်ပေးထား၏။ ထိုအမည်ဖြင့် ဝတ္ထုတစ်ပုဒ်ကို ကိုရဲခေါင်ကိုယ်တိုင် တာရာမဂ္ဂဇင်း၌ရေးခဲ့ဖူးလေသည်။ ကျွန်တော်တို့ တွေ့ရသော "အုံ့ကာဇလတဖွဲဖွဲ" ကား တာရာမဂ္ဂဇင်းမှဇာတ်လမ်းမဟုတ်၊ အခြားဇာတ်လမ်းတစ်မျိုး ဖြစ်လေသည်။ နောက်ဆုံးတစ်ပုဒ်ကတော့ အတော်ထူးသည်။

"ဟာ... ကျွန်... ကျွန်တော် သတိရပြီဗျို့...၊ ကျွန်... ကျွန်တော် ဟိုအရင်တုန်းကယူလာခဲ့တဲ့ စာမူတွေပဲ... ဒါ... နှရုံကလေးပေါ့..." ကိုမိုးဝေက စကားထစ်ထစ်နှင့် ထိုဝတ္ထုကိုဆွဲယူလိုက်ပါသည်။

နှရုံကလေး... ရဲခေါင်ရေးသည်... တဲ့...။

ကိုရဲခေါင်၏ လှပညီညာသော လက်ရေးကလေးများ

(၂)

"ကိုရဲခေါင်ဟာ ဝတ္ထုရှည်တစ်ပုဒ်ရေးတော့မယ်ကြံရင် ကျွန်တော်နဲ့ဖြစ်ဖြစ်... ကိုမင်းရှင်နဲ့ဖြစ်ဖြစ်... ဒါမှမဟုတ် ကျွန်တော်တို့သုံးယောက်စလုံးပဲဖြစ်ဖြစ်... သူရေးမယ့်ဇာတ်လမ်းကို ပြောပြပြီး ဆွေးနွေးလေ့ရှိတယ်...။ အဲ... ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလလောက် ကတော့... ကိုရဲခေါင် ကျွန်တော့်ဆီရောက်လာတယ်...။ အဲဒီတုန်းက ကိုမင်းရှင် မရှိဘူး။ ဖိုးစောကြီးက သူ့မိဘတွေရှိတဲ့မန္တလေးမှာ ရောက်နေတယ်..."

ကိုမိုးဝေက စကားထစ်ထစ်နှင့်ပင် နှရုံကလေးအကြောင်းကို ပြောပြနေပါသည်။

ထိုနေ့က ကိုရဲခေါင် သူ့ထံသို့ရောက်လာကာ ဝတ္ထုရှည်တစ်ပုဒ်ရေးရန် ဇာတ်လမ်းတစ်ခုကို စဉ်းစား၍ရထားကြောင်း... ဟူ၍

mgyoe.com

mgyoe.com


ဆွေးနွေးတိုင်ပင်သွားခဲ့လေသည်။ နောက်တစ်ရက် နှစ်ရက်လောက် ကြာလျှင်... ကိုရဲခေါင်သည် ကိုမိုးဝေထံသို့ ပေါက်လာခဲ့ပြန်၏။ သူ့လက်ထဲတွင်ရေးပြီးသားစာမူတွေ အရွက် ၄၀ ကျော်မျှ ပါလာ၏။ ကိုရဲခေါင်ကား... ဝတ္ထုတစ်ပုဒ်ရေးရန် ဇာတ်လမ်းကို စိတ်ကူးမိသည် နှင့်တစ်ပြိုင်နက်၊ ထိုဝတ္ထုကို မြန်မြန်ကြီးရေးချနိုင်သော အစွမ်းရှိ၏။ သူ၏ ဖြေလည်းမပြေ ဝတ္ထုရှည်ကို... ၄ ရက်အတွင်း ပြီးစီးအောင် ရေးချ၏။ ယခု သူ့လက်ထဲတွင် ပါလာသည့်ကော်ပီတွေမှ သူပြော သွားသည့်ဝတ္ထုရှည်ကို စရေးလာခြင်း ဖြစ်လေသည်။

"ဝတ္ထုနာမည်က နရုံကလေးတဲ့လား"

ကိုမိုးဝေက ထုံးစံအတိုင်း သူ့ခုတင်ပေါ်တွင် တုံးလုံးပက်လက် နှင့် ကိုရဲခေါင်လှမ်းပေးသော စာမူများကို ကြည့်ရင်းက ပြောလိုက် သည်။

"ဟုတ်တယ်...၊ ဘယ်နှယ့်လဲ ကောင်းရဲ့လားဗျ..."

"ဟာ ကောင်းတာပေါ့ဗျာ..."

"ကဲ... ကဲ... ရေးပြီးတာကလေးကို ဖတ်ကြည့်ပါဦး...၊ ကျွန်တော် တော့ အတော်လက်တွေ့တာပဲ..."

"ဖတ်ပါ့မယ်ဗျာ...၊ ဒါနဲ့ ရေးပြီးသွားရင် ဘယ်ကိုပေးမလဲ..."

"ရှုမဝကို ဝတ္ထုရှည်တစ်ပုဒ်ပေးဖို့ ကတိပေးထားတယ်ဗျ၊ ဒီတော့ ရှုမဝကိုပဲပေးရမှာပေါ့..."

သို့နှင့်ပင် ကိုရဲခေါင်က ရေးလိုက်၊ ကိုမိုးဝေက ဖတ်ပြီး အားပေး လိုက်နှင့် နရုံကလေးဝတ္ထုမှာ အသက်ဝင်လာတော့ကာ ၄-၅-ရက် အတွင်း တစ်ဝက်ကျော် ကျော်ပြီးစီးလာလေ၏။

နောက် ကရင်အရေးပေါ်လာသဖြင့် ကိုမိုးဝေတို့ တစ်အိမ်သား လုံးသည် လန့်ဖျပ်ကာ သူတို့နေထိုင်သည့် ရပ်ကွက်မှ ရန်ကုန် မဂို လမ်းထဲသို့ ယာယီပြောင်း ရွှေ့နေထိုင်ကြရသဖြင့် ကိုရဲခေါင်နှင့် ခေတ္တ မျှ အဆက်အသွယ်ပြတ်သွားလေသည်။

ဧပြီလအတွင်း၌ကား ကိုရဲခေါင်သည် မဂိုလမ်းသို့ ပေါက်လာ ပြန်၏။ သူ့မှာ အတော်ပင်ပန်းနေဟန်နှင့် အတော်လေးပိန်ချုံး

mgyoe.com

mgyoe.com


နေသည်။

"ဟော့လူ ခင်ဗျား ဘယ်ပျောက်နေတာလဲဗျာ...၊ ခင်ဗျားကြည့်ရတာလည်း ပိန်ချုံးနေပါကလား..."

"အေးဗျာ... အလုပ်တွေများနေတာနဲ့...၊ ဒါနဲ့... ခင်ဗျား နုရုံကလေးကို မှတ်မိသေးသလား..."

"မှတ်မိတာပေါ့ဗျာ...၊ ခင်ဗျားဥစ္စာက တစ်ပိုင်းတစ်စကြီးဖတ်ထားရတော့ မဆုံတင့်ကြီးဖြစ်နေတော့တာပေါ့၊ ဘယ့်နှယ်လဲ ရေးပြီးသွားပြီလား..."

"ပြီးလုပါပြီ...၊ နောက်သုံးလေးခန်းပဲ ကျန်ပါတော့တယ်..."

"ဟာ ဒီလိုဆိုရင်ရေးပြီးသမျှထားခဲ့စမ်းပါဗျာ...၊ ကျွန်တော်ဖတ်ကြည့်ရအောင် ဟုတ်လား..."

"ခင်ဗျားတော့ လန့်တယ်ဗျာ...၊ ခင်ဗျားက မေ့တတ်လွန်းလို့၊ ကောင်းပြီလေ...၊ ယူထားလိုက်ပေါ့...၊ ဟောဒီ လွယ်အိတ်တစ်အိတ်လုံးယူထားလိုက်လေဗျာ...၊ ပျောက်တော့မပျောက်စေနဲ့နော်...၊ ကျွန်တော် သုံးလေးရက်ကြာရင် လာယူမယ် ဟုတ်လား..."

နောက်သုံးလေးရက်တဲ့...

သို့ရာတွင် ကိုရဲခေါင်ကို ကိုမိုးဝေ နောက်ထပ်မတွေ့ရတော့ချေ။ ကိုရဲခေါင်ကား ပျောက်ချက်သားကောင်းနေ၏။ နောက်မှ သတင်းကြားလာရသည်။

အမှန်တော့ ကိုရဲခေါင်ကား သူ့ယုံကြည်ချက်လမ်းစဉ်အတိုင်း လျှောက်လိုက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသွားခဲ့လေပြီ။

## (၃)

"ကျွန်တော်လည်း ကော်ပီကိုဖတ်ပြီးလို့ ကိုရဲခေါင်လည်း လာနိုးလာနိုးနဲ့ စောင့်နေမိတာခင်ဗျာ။ သိတဲ့အတိုင်း သူတော့ တစ်ခါတည်း ပေါ်မလာတော့ဘူး။ ဒါနဲ့... သူ့ကော်ပီတွေကို ပျောက်မှာစိုးတာနဲ့... ကျွန်တော် ဒီတိုက်ကို ယူလာပြီး ဖိုင်တွဲတွေထဲမှာ သေသေချာချာ ထည့်သိမ်းလိုက်တာပေါ့...။ နောက်ထုံးစံအတိုင်း လုံးလုံးသတိလစ်

mgyoe.com

mgyoe.com


သွားပြီး ခုပြန်တွေ့ရတော့မှပဲ... သတိပြန်ရတယ်ဆိုပါတော့ဗျာ..."

ကိုမိုးဝေက နှင်းရူကလေးကြောင်းကို စကားထစ်ထစ်နှင့်ပင် ကြိုးစားပမ်းစားပြောရာက အဆုံးသတ်လိုက်လေသည်၊ ကျွန်တော် လည်း ရဲခေါင်၏နှင်းရူကလေးကော်ပီကို ဟိုလှန်သည်လှန်နှင့် လျှောက် ဖတ်ကြည့်နေပါသည်။ စိတ်ထဲမှာတော့... ကိုရဲခေါင်ကို အတော် ကလေး သတိရနေမိခဲ့သည်။ သူသည်လည်း ကျွန်တော်၏ ရင်းနှီး သောသူငယ်ချင်းဖြစ်ခဲ့ပါသည်။

"ရဲခေါင်ရဲ့စာတွေ မထွက်တာ အတော်ကြာသွားပြီနော်...၊ ကျွန်တော်ကြားတော့... ရဲခေါင်ပရိသတ်က သူ့ဝတ္ထုတွေ ထည့်လေ့ ရှိတဲ့တိုက်တွေကို ရဲခေါင်ဝတ္ထုတွေ ဘာလို့မထည့်တာလဲ စာနဲ့ရေး မေးကြတယ်ဆိုပဲဗျ..."

ကျွန်တော့်ခေါင်းထဲ စိတ်ကူးတစ်ရပ်သည် ဆတ်ခနဲ ဖြစ်သွား သည်။

" ခုနေ... ရဲခေါင်ရဲ့ ဝတ္ထုရှည်တစ်ပုဒ်သာထွက်လာရင် လွှတ် ကောင်းမှာပဲဗျာ"

ဟု ကျွန်တော်က လွှတ်ခနဲပြောလိုက်မိသည်။ ကိုမိုးဝေက ဤတွင် အလန့်တကြား စားပွဲကို ပုတ်လိုက်သည်။

"ဟာ ဟုတ်ပြီဗျို့...၊ ခင်ဗျားတို့တိုက်က ကိုရဲခေါင်ရဲ့ ဝတ္ထုရှည် ကို ထုတ်ပါလားဗျ..."

"နို့ ဝတ္ထုရှည်ကတော့ ဘယ်မှာလဲဗျ..."

"အို... ခင်ဗျားလက်ထဲမှာလေဗျာ..."

"နှင်းရူကလေးလား...၊ ဟာ... သူ့ဟာက ဆုံးမှမဆုံးသေးတာ... ထုတ်လို့ဘယ်ဖြစ်..."

"အို... ဟုတ်သားပဲ..."

(၄)

ကျွန်တော်က ခေါင်းကိုဖွပြီး ကုတ်လိုက်မိလေသည်။

ကျွန်တော်ထုတ်ချင်သော ရဲခေါင်၏စာမူကား တွေ့နေပါ၏။

mgyoe.com

mgyoe.com



သို့သော် အဆုံးသတ်မရှိသဖြင့်... ခေါင်းပြတ်နေသော ကိုယ်ကဲ့သို့ အသုံးချမရဘဲ ဖြစ်နေပါသည်။

"အေးဗျာ... ကျွန်တော်တော့ ခုနေ ကျွန်တော်တို့တိုက်က ကိုရဲခေါင်ရဲ့ဝတ္ထုလုံးချင်းကို သိပ်ထုတ်ချင်တာပဲ...၊ ဒါပေမဲ့... ခုခွကျနေတာနဲ့..."

"အို... အို... မေ့... မေ့... လို့ဗျို့၊ ခု... မှ ကျွန်တော် သတိရတယ်။ စာအုပ်ထုတ်နိုင်တယ် ထုတ်နိုင်တယ်... ဗျ... ကျွန်တော်ကလည်း အတော်မေ့တတ်နေပြီ..."

ကိုမိုးဝေက သူ့နဖူးကို လက်ဖဝါးနှင့်ထုရင်း ကျွန်တော့်အား ဖြုန်းခနဲ ဒိုင်းခနဲ ပြောချလိုက်လေသည်။ ကျွန်တော်ကမူ အံ့အားသင့်ကြီးသင့်ပြီး... သူ့အား မျှော်လင့်ခြင်းကြီးစွာဖြင့် ကြည့်လိုက်မိလေသည်။

"အဲ... အဲ... ဝတ်... ဝတ်... ဝတ်လစ်စလစ်သစ္စာစာမူ... ထဲ... ထဲ..."

ကိုမိုးဝေမှာ ပြောချင်လွန်း အားကြီးလျှင် ပိုမိုထစ်တတ်လာသဖြင့် ကျွန်တော်က သူဆိုလိုချင်သည့်အဓိပ္ပာယ်ကို နားလည်လိုက်ကာ ဝတ်လစ်စလစ် စာမူသစ်ကို... ကမန်းကတန်းဆွဲပြီး... လှန်လှောကြည့်လိုက်မိလေသည်။

စာရွက်များကား... တဖျတ်ဖျတ်နှင့်... အလောသုံးဆယ်လှန်သွားကြလေသည်။

"တွေ့ပြီဗျို့ တွေ့ပြီ"

ကျွန်တော်က ဝမ်းသာအားရနှင့် ပြောလိုက်လေသည်။

ထိုဝတ်လစ်စလစ်သစ္စာနှင့်အတူ ကျွန်တော် ဝမ်းအမြောက်ကြီး ဝမ်းမြောက်စေသော နရုံကလေး အဆုံးပိုင်းကို တွေ့ရလေတော့သည်။ အမှန်ကလည်း ကျွန်တော်တို့နှစ်ဦးမှာ ခေါင်းစဉ်အလိုက်တပ်ထားသော စာမူများကိုကြည့်ပြီး သေသေချာချာ လှန်လှောမကြည့်ခဲ့သည့်အတွက် နရုံကလေး၏ဇာတ်သိမ်းပိုင်းကို မတွေ့လိုက်ရခြင်း ဖြစ်ပေသည်။ ထို့နောက်တွင် ကိုမိုးဝေက ကျွန်တော့်အား ရှင်းပြသည်မှာ...။

mgyoe.com

mgyoe.com


"ကိုရဲခေါင် ပျောက်သွားပြီးတော့ ကျွန်တော်လည်း နုရုံကလေး စာ စာမူတစ်ပိုင်းတစ်စကြီးကို ခုဖိုင်ထဲထည့်ထားလိုက်မိတယ်။ နောက် ၃-၄ ရက် လောက်ကြာတော့ သူ့တူကလေးရောက်လာပြီး ကိုရဲခေါင် က ပေးခိုင်းထားခဲ့တဲ့ စာမူတစ်ထပ်ကြီး လာပို့တယ်။ အဲဒီအထဲမှာ... ဝတ်လစ်စလစ်သစ္စာ၊ အုံ့ကာလေ တဖွဲဖွဲနဲ့အတူ နုံရုံကလေး အဆုံး သတ်ပါလာတာပဲ... ဒါကိုကျွန်တော်က ဖတ်တောင် မကြည့်အား ဘူး။ အလုပ်ရှုပ်နေခဲ့တာနဲ့ ဝတ်လစ်စလစ်သစ္စာတဲ့လား၊ အုံ့ကာလေ တဖွဲဖွဲတဲ့လား မသိ ညှပ်ထားလိုက်ပြီး အရင်စာမူဟောင်းတွေနဲ့ရော ထပ်ထားခဲ့တယ်။ ခုတင်တစ်လုံးလုံးကို ကျွန်တော်မေ့နေတယ်ဗျ..."

ကိုမိုးဝေက ရှည်လျားလှသောရှင်းလင်းမှုကို ထစ်ထစ်ငေါ့ငေါ့ နှင့်အဆုံး သတ်လိုက်လေသည်။ ကျွန်တော်ကား... ဒီတိုင်းပစ်ထားရ မည်ဖြစ်သော စာမူကို ကြည့်ပြီး စိတ်ပျက်အားလျော့နေရာမှ ယခု ကဲ့သို့ မမျှော်လင့်ဘဲ အဆုံးသတ်ပိုင်း အထိ ရရှိလိုက်သည်တွင် ကျေနပ်ဝမ်းမြောက်မှုကား ကျွန်တော့်ရင်တွင် လျှံတက်သွားပါသည်။

"လုပ်မယ်ဗျို့ ကိုမိုးဝေ...၊ သီးသန့်ဝတ္ထုတစ်ပုဒ်အနေနဲ့ကို ထုတ်ချလိုက်မယ်ဗျို့..."

## (၅)

သို့နှင့် နုရုံကလေးဝတ္ထုမှာ စာအုပ်တစ်အုပ်အဖြစ် ပြောင်မြောက် စွာ ဖြစ်ပေါ်လာရပေသည်။

ကိုရဲခေါင်က သူ၏ခွင့်ပြုချက်မရသေးဘဲနှင့် ကိုမိုးဝေထံအပ်ရုံ သာ အပ်ထားခဲ့သော သူ့ဝတ္ထုကိုထုတ်ဝေလိုက်ခြင်းအားဖြင့် အပြစ် မပြောဆိုဘဲ ကျေနပ်ချင်လည်း ကျေနပ်ပေမည်။ ဒါမှမဟုတ် ဒေါပွ ချင်လည်း ဒေါပွပေမည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အဖို့ဌကား စာပေလူထုကြီး တောင့်တချက်တစ်ရပ်ကိုသာ ဖြည့်စွမ်းချင်သည့် ဆန္ဒက ပြင်းထန်မိလေသည်။ နောင်မှသာ... ကိုရဲခေါင်က ကျေနပ်မှု မရှိပါက... တောင်းပန်ချော့မော့ရပေတော့မည်။ ခုတော့ လောလော ဆယ်... စာပေလူထုကိုမူ... တိမ်မြုပ်နေသော သူ့စာမူကိုတောင့်တ

mgyoe.com

mgyoe.com


နေခိုက်တွင် တတ်စွမ်းသမျှ ဖြည့်စွမ်းလိုက်ရပြီးဖြစ်ရကား နှစ်ထောင်း အားရ ကျေနပ်ဝမ်းမြောက်ခြင်း ဖြစ်မိပါတော့သည်။

ယခု ဤနုရုံကလေးကို စာအုပ်တစ်အုပ်အဖြစ် အောင်မြင်စွာ ထုတ်ဝေနိုင်ခဲ့သည်ကို ကျွန်တော်တော့ အထူးဂုဏ်ယူမိ၏။ ပထမဦးဆုံး စာပေလူထု၏တောင့်တချက်ကို ဖြည့်စွက်ရ၏။ ဒုတိယ ကျွန်တော်တို့ရေးဖော် ကိုရဲခေါင်၏လက်ရာကောင်းတစ်ရပ်ကို တိုင်းပြည်သို့ တင်ဆက်ခွင့်ရခဲ့၍ဖြစ်၏။

ရဲခေါင်ကို ကွန်မြူနစ်တစ်ယောက်အဖြစ်နှင့်ကား ကျွန်တော်တို့ ဘာမျှမပြောလို၊ သို့ရာတွင် စာရေးဆရာတယောက်အနေဖြင့်ကား ကျွန်တော်တို့လေးစား၏။ အမှန်တော့ ဤခေတ်ပြင်တိုက်ကို စတင်ထူထောင်ခဲ့သူမှာ ကိုရဲခေါင်ပင် ဖြစ်၏။ ယင်းသည့်အတွက်လည်း ကျွန်တော်တို့၏ခေတ်ပြင်စာပေဌာနသည်၊ အခက်အခဲအမျိုးမျိုးတို့ကို ကျော်နင်းလျက် ဤမျှလောက် တိုးတက်နေသည် အချိန်ဝယ် ကျွန်တော့်အဖို့တော့ ပြုစုပျိုးထောင်သွားခဲ့သူကိုရဲခေါင်အား တစိမ့်စိမ့် တသသ သတိရမိပါတော့သည်။ ထိုသတိရမှုကို ထုတ်ဖော်သောအားဖြင့်... ၁၉၄၉ ခုနှစ်က ထုတ်ဝေခဲ့သော ကျွန်တော်ပြန်ဆိုသည့် “လယ်သမား၏လင်းအရဏ်” တရုတ်တော်လှန်ရေးဝတ္ထုတွင် ကိုရဲခေါင်သို့ဟူ၍ပင် ရည်ညွှန်းချက် ထည့်သွင်းခဲ့ပါသည်။

ထို့ကြောင့် ယခု သူထူထောင်ခဲ့သော ခေတ်ပြင်တိုက်မှ ရနိုင်ခဲလှသော သူ့ဝတ္ထုတစ်ပုဒ်ကို အောင်အောင်မြင်မြင်ထုတ်ဝေနိုင်ခြင်းမှာ ကျွန်တော်တို့အတွက်တော့... ဂုဏ်ယူစရာကြီးပင် ဖြစ်နေပါတော့သည်။

❒

mgyoe.com

mgyoe.com

# နုရုံကလေး

ရဲခေါင်–ရေးသည်။

၁။ ။သင့်ဘဝခဏ… အကျွန်ုပ်ယူလို့

မိုးပေါက်မိုးစက်တို့သည် ပြတင်းပေါက် မှန်ချပ်များအား လာရောက် တိုးဝှေ့လျက် ရှိကြသည်။ သွပ်မိုးပေါ်သို့လည်း မိုးသီးမိုးပွင့်များ အဆင့်ဆင့်ခုန်ဆင်းနေကြသည့်အတိုင်း အသံဗလံများ ဆူညံလျက် ရှိပါသည်။

တစ်မိုးလုံး မှောင်မိုက်နေခြင်းကို ဓာတ်မီးတစ်ပွင့်က ဝင်ရောက်တိုက်ခိုက်နေသည်။ ထိုအတူ တစ်အိမ်လုံး မိုးသံသွပ်သံ ဆူညံနေသည့်ကြားထဲမှ ကျွန်တော်လည်း ကိုကျော်ဝင်းကို တတ်နိုင်သမျှ ရှင်းလင်းပြနေပါသည်။
(ကိုကျော်ဝင်းဆိုသည်မှာ နာမည်ရင်း မဟုတ်ပါ။)

"အချုပ်မှာတော့… ကိုကျော်ဝင်း… ဒီအဖြစ်အပျက်ကလေးကို ကျွန်တော်ရေးပြီး တိုင်းပြည်ကို တင်ပြချင်တယ်ဗျာ။ ဒီအဖြစ်အပျက်ကလေးဟာ တိုင်းပြည်အတွက်အကျိုးရှိမယ်လို့ ကျွန်တော်ယူဆမိတယ်။ ခင်ဗျားက မဖျော်လင့်တဲ့ကိစ္စကို ရှက်နေတာပဲ။ လောကကြီးမှာ အမှားမပြုခဲ့တဲ့လူဆိုလို့ တစ်ယောက်မျှရှိတာ မဟုတ်ဘူး၊ လူဆိုတာမှားစမြဲပဲ။ အခု ခင်ဗျားအမှားမြင်လာပြီး မဟုတ်လား။ ဒီအမှားမျိုးကို ကိုယ်တိုင်ပြန်လည်ဝေဖန်မှုအနေနဲ့ ခင်ဗျားကိုယ်တွေ့ကလေးကို ဖွင့်ပြလိုက်စေချင်တယ်"

mgyoe.com

mgyoe.com

ကိုကျော်ဝင်းသည် ကျွန်တော်၏အားတက်သရောနိုင်မှုကို သနားသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေရှာပါသည်။

"ခက်တယ်ဗျာ။ ဒီကိစ္စဟာ တော်တော်လူသိနည်းတဲ့ကိစ္စ၊ ရန်ကုန်မှာဆိုရင် သိတဲ့လူတော်တော်ရှားတယ်။ ဒါကြောင့် ကျွန်တော်တော့ ဖွင့်မရေးချင်ဘူး"

သူကငြင်းဆန်နေတုန်းပဲ ဖြစ်ပါသည်။ ကျွန်တော်လည်း ပြောမရတော့ သည့်အဆုံး လက်လျှော့ချင်သလိုလို ဖြစ်လာလျက် ပက်လက်ကုလားထိုင်ပေါ် သို့နွမ်းရိစွာ လှန်ချလိုက်ပါသည်။

မိုးက သည်းနေဆဲပင် ဖြစ်နေသည်။

"ကျွန်တော်ရေးရင်တော့ အထူးပဲသတိထားမှာပေါ့။ ခင်ဗျားမှန်း မသိရ အောင် နာမည်တွေ၊ နေရာတွေ၊ အကုန်ပြောင်းရေးမှာပဲ နာမည်ပြောင်းရုံသာမကပဲ။ တချို့ အဖြစ်အပျက်ကလေးတွေကိုပါ လှီးလွှဲပြီးရေးရင် ခင်ဗျားမှန်း ဘယ်သူမျှမရိပ်မိနိုင် တော့ပါဘူး။

ကိုကျော်ဝင်းသည် တွေနေဆဲပင်ဖြစ်ပါသည်။ စီးကရက်ငွေ့များသည် သူ့မျက်နှာ ကို ပတ်ရစ်လျက်ရှိသောကြောင့် မျက်လုံးများမှာလည်း မှေးနေခဲ့သည်။

ကျွန်တော်က စီးကရက်အသစ်တစ်လိပ်ကို ကောက်ညှိကာ ငြိမ်သက်စွာပဲ ဖွာရှိုက်နေမိသည်။

အတန်ကြာမှ သူလည်း ဟင်းခနဲ သက်ပြင်းကြီးတစ်ချက် ချလိုက်လေသည်။

"ကျွန်တော်တော့ မပြောတတ်တော့ဘူးဗျာ။ ကဲ... ကိုရဲခေါင် ခင်ဗျား ကျွန်တော့်နေရာကို ဝင်ကြည့်ဗျာ။ ကျွန်တော့်ဘဝကို ခဏယူပြီး ခင်ဗျားသာ ကျွန်တော့် နေရာရောက်နေရင် ဘယ်လိုနေမလဲဆိုတာ စဉ်းစားပေတော့။ ရေးသင့်တယ် ထင်ရင် လည်း ရေးပါတော့ဗျာ"

ကျွန်တော်က အားတက်သွား၍ ဆတ်ခနဲခေါင်းထောင်ထမိသည်။ သူက ကျွန်တော့်ကို ရီဝေသောမျက်လုံးများဖြင့် ငေးကြည့်နေဆဲပင် ဖြစ်ပါသည်။ ပန်းချီဆရာ ၏လက်ချောင်း သေးသေးသွယ်သွယ်ကလေးများက တုန်လှုပ်နေကြသည်။

ကျွန်တော်သည် ပက်လက်ကုလားထိုင်ပေါ်သို့ ပြန်လှဲလိုက်ကာ စီးကရက် ကိုသာ မဲ၍ရှိုက်နေရင်း စဉ်းစားနေခဲ့ပါသည်။

"ခင်ဗျားဘဝကို ကျွန်တော်ခဏယူရမယ်။ ဟုတ်လား ကိုကျော်ဝင်း..."

ကျွန်တော်သည် သူ့ကိုမကြည့်ဘဲ၊ မျက်နှာကြက်ကိုသာ ငေးနေခဲ့ရင်း

mgyoe.com

mgyoe.com


ပြောလိုက်မိပါသည်။

... သင့်ဘဝ... ခဏအကျွန်ယူလို့...

မိုးသည်သည်းသည်ထက် သည်းလာပါသည်။ ပြင်းထန်လှသော လေသည်လည်း သစ်ပင်သစ်ကိုင်းသစ်ရွက်များကို တရကြမ်း... မီးကုန်... ယမ်းကုန် တိုက်ခိုက်လာကြပါတော့သည်။

ကျယ်လောင်စွာမြည်ဟည်းလာသော မုန်တိုင်းထန်ထန်၏ အသံဗလံများကား တစ်ခန်းလုံးကို ရိုက်ခတ်လျက်ရှိပါသည်။

... သင့်ဘဝ... ခဏအကျွန်ယူလို့။

လျှက်ပြက်လိုက်သောကြောင့် ပြတင်းပေါက်မှန်ချပ်များသည် ဝင်းလက်သွားကာ လက်ကြီးများ ဝှေ့ယမ်းနေကြဟန်တူသော သစ်ပင်ကြီးများကို ရိပ်ခနဲ မြင်လိုက်ရသည်။ လျှပ်ပြိုးပြက်၏ နောက်မှ ထက်ကြပ်မကွာလိုက်လာသော မိုးကြိုးပစ်သံကြီးမှာလည်း ထစ်ချုန်းတုန်ဟည်းသွားပါတော့သည်။

ခင်ဗျားဘဝကို ကျွန်တော်ခဏယူရမယ် ဟုတ်လား ကိုကျော်ဝင်း...

* * *

## ၁။ ။ ပန်းချီနှင့် ကျောင်းစာ

ကျွန်တော်သာ ရန်ကုန်တက္ကသိုလ်သို့ မရောက်ခဲ့ပါက ကိုမင်းရှင်၊ မင်းညိုဦး၊ ညိုညိုလေး၊ တက္ကသိုလ် ကိုရဲထွဋ်တို့နှင့် သိကျွမ်းခွင့်ရမည်မဟုတ်ပါ။ ၎င်းတို့နှင့် မသိကျွမ်းလျှင် ဗမာစာပေနယ်နှင့်လည်း ရင်းနှီးမည်မဟုတ်ပါ။ စာပေနယ်နှင့် ခွဲမရအောင်ဆက်စပ်နေသည့် ပန်းချီကျော်ဦးကိုလေးနှင့်လည်း သိမည်မဟုတ်ပါ။ ဦးကိုလေးနှင့်မသိလျှင် ကျွန်တော်၏ပန်းချီဝါသနာသည် လျှမ်းလျှမ်းတောက်တိုးတက်ခဲ့မည်မဟုတ်၊ ဥပစာအထက်တန်းစာမေးပွဲတွင်လည်း ကျရှုံးလိမ့်မည်မဟုတ်ပါ။

ပန်းချီတွင် စိတ်မဝင်စားခဲ့ပါက ယခု... ကျွန်တော် ဖော်ပြတော့မည့် အဖြစ်အပျက်ကလေးသည် ဖြစ်နိုင်တော့မည်မဟုတ်ပါပေ။

သို့သော် ဒီလိုအဖြစ်အပျက်တွေ...၊ အကြောင်းခြင်းရာတွေ တစ်ခုနှင့်တစ်ခု ဆက်သွယ်သီတန်းလာခြင်းသည်ပင် နုရုံနှင့် ကျွန်တော် တွေ့ကြဆုံကြရန် ဖန်တီးလာမှုများဖြစ်သည်ဟုဆိုရပေတော့မည်။

ရန်ကုန်တက္ကသိုလ်တွင် ကိုမင်းရှင်၊ မင်းညိုဦး အစရှိသူတို့သည်ပွင့်သစ်စ

mgyoe.com

ကလောင်မှူးများ ဖြစ်ကြသည်။ ကိုမင်းရှင်က ဝတ္ထုရေးရာ၌ နာမည်ကျော်စပြုနေသည်။ မင်းညိုဦးက ကဗျာများကို သီကုံးနေသည်။ ကိုမင်းရှင်က ဝတ္ထုရေးရာ၌ စကားတိုတိုနှင့် လိုရာကို ရေးနိုင်စွမ်းရှိလျက် မင်းညိုဦးမှာ ကဗျာများကိုဆန်းသစ် နုယဥ်သော စကားလုံးတစ်ကန့်၊ အတွေးလုံးတစ်ကန့်ဖြင့် ဖွဲ့နွဲ့တတ်ပါသည်။

သူတို့နှစ်ဦးကား စာရေးရာ၌ ဝါသနာထုံကြသည်နှင့်အညီ စာနယ်ဇင်းလောကတွင်သာမက အခြားနေရာများ၌လည်း နည်းနည်းလောက်ပံ့ပိုးကျတတ်သောသူများဖြစ်ပါသည်။

မင်းညိုဦးသည် သွားပြီဆိုလျှင်၊ ကျွန်တော့်ခေါ်စမြဲ...၊ ကိုမင်းရှင် ရပ်ရှင်သွားလျှင်လည်း ကျွန်တော့်အား ကိုမင်းညိုအမြဲခေါ်သည်။ ကျွန်တော်တို့သုံးဦးသားတတွဲတွဲဖြစ်နေကြသည်မှအစ သူတို့ဝင်ထွက်လေ့ရှိသော စာနယ်ဇင်းတိုက်များသို့လည်း ကျွန်တော် အခေါက်ခေါက်ခါခါ ရောက်ဖူးခဲ့ရပါသည်။

ဤကဲ့သို့ မကြာမကြာရောက်ဖူးခဲ့ရာတွင် စာနယ်ဇင်းတိုက်များ၌ လူမျိုးစုံကိုတွေ့ရပါသည်။ "ဟို... ပိန်ပိန်ရှည်ရှည်အသားမည်းမည်း၊ လည်ချောင်းသံနဲ့ စကားပြောတဲ့လူက ကိုတင့်တယ်" "ဒီဘက်က ဝဝပုပုနဲ့ မျက်မှန်ကြီးလျှော့မကျအောင်မနည်းထိန်းထားရတဲ့ နှာခေါင်းပိုင်ရှင်က ဆရာတက်တိုး။" "ဟိုဘက် ထောင့်ကနှုတ်ခမ်းတဆတ်ဆတ်နဲ့ ညှပ်စိကလေးက ကိုသန်းဆွေ အစရှိသဖြင့်၊ ကိုမင်းရှင်တို့ကပြပေးသောကြောင့် လေးစားဖွယ်ရာဖြစ်သော ဧရာမစာရေး ဆရာကြီးများကိုလည်းသိခဲ့ရပါသည်။

သက္ကလတ်ဦးထုပ်ဆောင်းလျက်၊ ကပြားအသွင်အပြင်ရှိကာ စကားပြောထစ်လှစွာသော "ကိုမိုးဝေ"ကိုလည်း သိခဲ့ရပါသည်။ ပြုံးလိုက်တိုင်း မျက်မှန် အောက်မှမျက်စိကလေး မှေးသွားကာ စာကြည့်လိုက်တိုင်း ခေါင်းကလေးစောင်း သွားတတ်သည့်ဒဂုန်တာရာကိုလည်း မြင်ဖူးခဲ့ပါသည်။

ပြီးတော့ ပန်းချီကျော်...ဦးကိုလေးနှင့်မိတ်ဖြစ်ခဲ့ပါသည်။

ဆရာဇေယျ၊ မောင်ထင်၊ ငွေဥဒေါင်း... သော "ဘူဒါဆို" အပိုင်းရောက်နေကြသည့် ကလောင်ရဲဘော်ဟောင်း အစည်းအရုံးဝင်များကို တွေ့ရ၊ သိရ၊ မြင်ရ၊ ကျွမ်းရ၊ မိတ်ဖြစ်ခဲ့ရစဥ်က ကျွန်တော်ဖို့ အလုပ်ရှားခြင်းမဖြစ်ခဲ့။ ပန်းချီကျော်... နှင့်တွေ့လိုက်ခါမှ အထူးစိတ်ဝင်စားသွားမိပါသည်။

ကျွန်တော့်မှာ ငယ်စဥ်ကတည်းက ပန်းချီဝါသနာထုံခဲ့ပါသည်။ ကျွန်တော်

mgyoe.com

သည် သူငယ်တန်း၌ ရှိနေစဉ်ကပင် တတိယတန်းသို့ ရောက်နေပြီဖြစ်သော ကျွန်တော့် အစ်ကိုအား ပန်းချီအရာ၌ဆိုလျှင် ဆရာအဖြစ်သင်ပြခဲ့ရပါသည်။ ကျွန်တော့်၏ အစ်ကိုမှာ ၎င်း၏ကျောင်းမှ ပန်းချီသင်ဆရာက တစ်စုံတစ်ရာ ဆွဲခိုင်းလိုက်လျှင် အတန်းထဲ၌မဆွဲဘဲ အိမ်သို့ယူလာလေ့ရှိသည်။

"တွတ်နီရေ...၊ ဒီအပတ်မြေဖြူခဲသေတ္တာပေါ်က.. လိမ္မော်သီးဆွဲမရတဲ့ကွာ၊ လုပ်ပေးစမ်းပါဦး" ဟူ၍ဆိုလျှင်ပင် ကျွန်တော်သည် သူ့စာအုပ်ကိုယူ၍ ကျကျနနကြီး ရေးဆွဲပေးတတ်ပါသည်။ ဒီလိုဆိုလျှင် ကျွန်တော့်အစ်ကိုမှာ အတန်းထဲ၌ အကောင်းဆုံး ပုံဆွဲသူအဖြစ် ချီးမွမ်းခြင်းခံရလေ့ရှိသည်။ ထိုသို့ ချီးမွမ်းသံများကြားရသည့်အခါ ဝယ် ကျွန်တော်ကတော့ မြုံ၍သာ ပြုံးနေလေ့ရှိပါသည်။

အတန်းတဖြည်းဖြည်းတက်လာလေလေ ကျွန်တော်၏ပန်းချီဝါသနာမှာ ရင့်လေလေဖြစ်လာခဲ့သောကြောင့် ခဲဆွဲ၊ တစ်ကြောင်းဆွဲ၊ ရေးဆေးစသည်တို့ကို အစုံ အလင် "ကိုင်" လာခဲ့ပါသည်။ သင်ကြားပေးသောဆရာဟူ၍ ကျကျနနမရှိဘဲ ရေးဆွဲ ရသည်ဖြစ်သည့်တိုင်အောင် ကျွန်တော်၏လက်ရာများမှာ အစဉ်သဖြင့် ချီးမွမ်းခြင်းခံခဲ့ရ ပါသည်။ ကျောင်းပန်းချီပြိုင်ပွဲများတွင်လည်း အမြဲတမ်း ဆုရခဲ့ပါသည်။

သို့ရာတွင် အဋ္ဌမတန်းတက်နေဆဲ ပန်းချီဘက် လိုက်စားလွန်းသဖြင့် စာမေးပွဲကျရှုံးရာတွင် အိမ်က ပန်းချီရေးဆွဲခြင်းကို လုံးဝပိတ်ပင်ပါတော့သည်။

"ကျော်ဝင်း...၊ မင်း ဒီထမင်းငတ်မယ့် ပန်းချီအတတ်ကို ဘာဖြစ်လို့ သင်နေရ တာလဲ...။ မင်း,လမ်းဘေးထိုင်ပြီး ဆိုင်းဘုတ်ရေးစားတာ ငါတို့မတွေ့ချင်ဘူး။ မင်း... ဖြစ်ချင်းဖြစ် ဝန်ထောက်တို့ အရေးပိုင်တို့ဖြစ်တာ ငါတို့ မြင်ချင်တယ်ကွဲ့"

ဟူ၍ မေမေက ပြောပါတော့သည်။ မေမေသည် ကျွန်တော့်အား ချစ်ပါ သည်။ ခင်မင်ရှာပါသည်။ သို့ရာတွင် သူ့အယူအဆများမှာ ခေတ်နောက်ကျတတ် ရကား... ခေတ်ပြောင်းချိန်တွင် လူလားမြောက်လျက် တိုးတက်သော သဘောတရား သစ်များကို ယူဆတွေးခေါ်နေသည့် ကျွန်တော်နှင့်သော် တစ်ခါတစ်ခါ... အတော်ကြာ ဖီလင်ကျနေတတ်ပါသည်။

ကျွန်တော်သည် မွေးသမိခင်ကျေးဇူးရှင်ကို နိမ့်ချလျက် ကျွန်တော့်ကိုယ့်ကို ကျွန်တော်မြှောက်ပင့်နေခြင်း မဟုတ်ပါ။ ကျွန်တော်သင်ကြားရသောပညာများမှ အမြဲတေများကြောင့် အထက်ပါစကားကိုဆိုမိခြင်း ဖြစ်ပါသည်။ စင်စစ်တော့ မိခင် ဖြစ်သူက ဖတဆိုးသားကလေးကို ခဲခဲယဉ်းယဉ်း ပညာသင်ပေးခြင်းကြောင့်။ ထိုအသိ

mgyoe.com

ဉာဏ်များ တတ်ကျွမ်းလာခြင်းဖြစ်ပါသည်။ မေမေ့ကျေးဇူးကြောင့် ကျွန်တော့်အယူအဆများ တိုးတက်လာခြင်း ဖြစ်ပါသည်။

မေမေ့အဖို့ကား ကျွန်တော့်ကို ဒီပညာများ သင်ပေးသည့်တိုင်... သူ့ကိုယ်တိုင်တော့ ကျွန်တော်တတ်သောပညာများ၏ အဆီအနှစ်တို့ကို သင်ကြားရသည်မဟုတ်ပါ၊ ဖေဖေ့လက်ထက်က ချွေချွေတာတာနှင့် စုဆောင်းထားသော ငွေကျန်ကလေးများဖြင့် ကျွန်တော့်အား ပညာသင်ပေးရှာသည်။ ဒီပညာတွေကိုတော့ သူကိုယ်တိုင်မတတ်ရှာပါ။

ကျောင်းတွင် ဘယ်လိုပညာများ သင်ပေးသည်ဟူသော အချက်အလက်များကို သူခမျာ အရိပ်အမြွက်မျှပဲ သိရှာသည်။ နိုက်နိုက်ချွတ်ချွတ်က နားမလည်။ သူ့အနေဖြင့် ကျွန်တော် ၇ တန်းအောင်ပြီ...၊ မဟာတက္ကသိုလ်ဝင်ပြီ၊ အခုဥပစာအထက်တန်းရောက်ပြီဟူသောအတန်းအဆင့် ခွဲခြားမှုများအားဖြင့်သာ ကျွန်တော့်ပညာကို ချိန်ထိုးတတ်ပါသည်။ ကျွန်တော်သင်ဖူးသည့် လောကဓာတ်ပညာအကြောင်းကိုလည်း သူမသိပါ။ သမိုင်း၏တိုးတက်ပြောင်းလဲမှုများကိုလည်း သူ့ခမျာ သိနိုင်မြင်နိုင်စွမ်း မရှိရှာပါ။

မေမေ့ကျေးဇူးကြောင့် ကျွန်တော် ဒီပညာတွေတတ်လာခြင်းဖြစ်သည်၏ အခြားမဲ့၌ ကျွန်တော်တတ်ပြီးသော ပညာလက်ခံခဲ့သော အယူအဆများနှင့် သူ၏ ရှေးကျလှသော အယူအဆများနှိုင်းယှဉ်မိသော် အတော်ကြီးပဲ အခက်ကြုံလာပါသည်။ အစစအရာရာ ရှေ့နောက်တိုင်းထွာ ချင့်ချိန်ပြီးမှယုံရသော ဤလောကတွင် မေမေသွန်သင်ပေးသော (လူကြီးမိဘစကားကို မြေဝယ်မကျ နားထောင် တောင်ထိပ်ကြာပေါက်၊ အနောက် နေထွက်လို့ လက်ခံရမယ်) ဟူသောဝါဒများကို ကျွန်တော် ဘယ်နည်းနဲ့လက်မခံရပါ့မလဲ...။

မွန်မြတ်သောအနုပညာတစ်ရပ်ဖြစ်သည့် ပန်းချီပညာကိုလည်း သူ အထင်သေးပါသည်။ ကျွန်တော့်အဖို့ ပန်းချီသည် တန်ဖိုးမဖြတ်နိုင်သည့်ပညာ ဖြစ်ပါသည်။ ငွေစကားနှင့် ပြောကြစို့ဆိုလျှင်လည်း ပန်းချီကြောင့် လက်ဖျားတွင် ရွှေသီးနိုင်သည်ဟူ၍လည်း ယုံကြည်ပါသည်။

ထိုကြောင့် အဌမတန်းစာမေးပွဲအကျတွင်...

"ကျော်ဝင်း၊ မင်းဒီထမင်းငတ်မယ့် ပန်းချီအတွက်ကို ဘာဖြစ်လို့ သင်နေရတာလဲ၊ မင်းလမ်းဘေးထိုင်ပြီး ဆိုင်းဘုတ်ရေးစားတာ ငါတို့မတွေ့ချင်ဘူး။ မင်းဖြစ်ချင်းဖြစ်။ ဝန်ထောက်တို့၊ အရေးပိုင်တို့ မြင်ချင်တယ်ကွဲ့."

mgyoe.com

mgyoe.com

ဟူ၍ ကျွန်ုပ်မာပြည်ရှိ မိဘတို့၏ "ဆင်စီးမြင်းရံ၊ တို့ရာထူးခံ" လုပ်ငန်းစဉ်ကြီးအတွက် ကြော်ငြာစာတမ်းထုတ်ဝေလိုက်ရာတွင်ကား ကျွန်တော် ဆတ်ဆတ်ခါ နာကြည်းသွားသည့်အထိ ဖြစ်သွားပါသည်။

မေမေသည် ပန်းချီနှင့်ပတ်သက်၍လည်း အရသာခံတတ်ရှာသူမဟုတ်ပါ။ သူ့အဖို့ ရုပ်ရှင်ရုံရှေ့က ပိုစတာဆွဲသူနှင့် ဘုရားကားဆွဲသူတို့ကို အတူတူပင်ဟု ထင်သည်။ ဆိုင်းဘုတ်ရေးသူနှင့် ဝတ္ထုမျက်နှာဖုံးရေးသူတို့ကိုလည်း ခွဲခြား၍ နားမလည်။ တိုတိုဆိုရလျှင် ဆေးခဲတံကိုင်နေသောကလေးနှင့် စုတ်တံကိုင်ထားသော လူကြီးတို့ နှစ်ဦးကို ပန်းချီဆရာတွေဟူ၍ သာမညအားဖြင့် ခေါ်ဝေါ်ပေလိမ့်မည်။

သို့သော်လည်း အနည်းဆုံးအားဖြင့် သိတတ်ပါစေတော့ဟူ၍ ဆရာကြီး ဦးငွေကိုင်၊ ဦးအုန်းလွင်တို့၏ပုံအစစ်များနှင့် ကျွန်တော်ကူးယူရေးဆွဲထားသော ပုံများကိုယှဉ်ပြကာ...

'ဒီလက်ရာကို ကြည့်စမ်းပါဦး... မေမေရယ်။ လမ်းဘေးထိုင်ပြီး ဆိုင်းဘုတ်ဆွဲရမယ့် လက်ရာလားလို့"

ဟူ၍ စောဒကတက်မိပါသည်။ ပန်းချီပညာတွင် ဟပ်(ဖ်)တုံးကတစ်မျိုး၊ ပိုစတာကတစ်ဖုံလေ့လာရာ... ကျွမ်းကျင်ကြသည်ကို ရှင်းပြ၍တော့ မေမေ နားလည်လိမ့်မည်မဟုတ်ပါ။

အမှန်အားဖြင့် ဆိုင်းဘုတ်ရေးတတ်သူသည် ဝတ္ထုမဂ္ဂဇင်းအဖုံးများ မဆွဲတတ်။ ရှုမျှော်ခင်းရေးသူသည် ပုံတူဆွဲရန်များစွာမနိုင်။ ပုံတူဆွဲနိုင်တိုင်းလည်း ဒီဇိုင်းမရေးနိုင်ကြောင်း၊ စွယ်စုံချွန်သူကား အတော်ရှားပါလိမ့်မည်ဟူသောအကြောင်းတို့ကို မေမေမသိပါ။

ကျွန်တော်လည်း ပန်းချီဆွဲခွင့်ရရန် အမျိုးမျိုးစောဒကတက်နေခဲ့ပါသေးသည်။ သို့သော်လည်း မရနိုင်တော့ပါ။ စင်စစ်အားဖြင့် ကျွန်တော့်ဘက်တွင် စာမေးပွဲကျသော အပြစ်ကလည်းရှိနေခဲ့ပြီဖြစ်သောကြောင့် မေမေပေးသည့်ဒဏ်ကို ငုံ့ခံလိုက်ရပါသည်။ ထိုနေ့မှစ၍ မြတ်နိုးလှစွာသော ပန်းချီပညာကို စွန့်လွှတ်ခဲ့ရပါသည်။

ဆယ်တန်းမအောင်မီ စစ်ဖြစ်လာခဲ့သည်။ စစ်အတွင်း၌လည်း ပွဲစားလုပ်နေခဲ့သည်။ သို့အားဖြင့် ပန်းချီလောကနှင့် ကင်းဝေးနေခဲ့ရာမှ–

ဆရာကိုလေးနှင့် တွေ့လိုက်ရခြင်းသည် မီးခဲပြာဖုံးကို ဖော်ထုတ်လိုက်သကဲ့သို့ ဖြစ်သွားပါတော့သည်။

mgyoe.com

mgyoe.com


ပန်းချီဦးကိုလေးသည် "လက်ဖုံးသည်"ဟု အချို့ကစွပ်စွဲကြပါသည်။ သူသည် သူ့ပညာကိုဖုံးကွယ်သည်။ သူပုံဆွဲနေစဉ် အခြားမိတ်ဆွေ ပန်းချီဆရာတစ်ယောက် လာလျှင် စုတ်တံကိုချထားလိုက်သည်။ သူ့စုတ်ချက်များကို မြင်သွားမည်စိုးသော စိတ်ထားမျိုးရှိသည်ဟု အချို့သူတို့က ပြောဆိုကြခြင်းကို ကျွန်တော့် အနေဖြင့်တော့ လက်မခံနိုင်ပါ။ သူတို့သိသော ဦးကိုလေးသည် အခြားဦးကိုလေးတစ်ယောက် ဖြစ်ပါလိမ့်မည်။ ကျွန်တော်သိသော ဦးကိုလေးကား သူ့ပညာကို ကွယ်ဖုံးရန် မလိုကြောင်း သိနားလည်သည့် ဦးကိုလေး ဖြစ်ပါသည်။

သူ့ထံတွင် စနစ်တကျပညာတောင်းခဲ့သော ကျွန်တော့်ကို မြောက်မြားစွာ အကူအညီပေးခဲ့သည်။ ပညာကိုသေရွာတွင်မြှုပ်လေ့ရှိသော အပယူအဆမျိုး သူ့တွင်မရှိဟု ကျွန်တော် ယုံကြည်ပါသည်။ သူကလည်း အခြားသူများကို ပညာပေးရန် လက်မနှေး၊ အခြားသူများထံမှ ပညာကိုလည်း ခုံခုံမင်မင် လေးလေးစားစား သင်ယူလေ့ရှိသည်။

သူကား ဦးငွေကိုင်၊ ဦးအုန်းလွင် အစရှိသော ပန်းချီကျော်ကြီး၏အမည်ကို ခေါ်ဝေါ်သည့်အခါ၌၊ အမြဲတမ်းဆရာဦးငွေကိုင်၊ ဆရာဦးအုန်းလွင်ဟူ၍ ခေါ်လေ့ရှိသည်။ ဆရာဟူသော အသုံးနှုန်းမပါဘဲ ခေါ်ဝေါ်လေ့မရှိ။

ထိုမျှမကသေး ပန်းချီပညာဆိုသည်မှာ အသက်ထက်ဆုံး ရှာမှီးသည့် တိုင် ကုန်နိုင်မည်မဟုတ်ဟူ၍ ယူဆထားသူဖြစ်သည့်အလျောက် သူတတ်ပြီးသော ပညာထက် ပို၍တတ်အောင် ကြိုးစားရမည်ဟု ပြောလေ့ရှိပါသည်။ သူတတ်သမျှကိုလည်း တစ်ဆင့်ဖြန့်ဖြူးတတ်ပါသည်။

ထို့အတွက်ကျွန်တော်လည်း သူနှင့်ရင်းနှီးသွားကာ သူထံတွင် ပန်းချီပညာကို စနစ်တကျသင်ယူလေ့လာနေမိပါသည်။

"ကိုကျော်ဝင်း– ကျွန်တော် ရှမ်းမျှော်ခင်းဘက် သိပ်မသန်ဘူးဗျ" ဦးကိုလေး က ရိုးသားစွာဝန်ခံပါသည် "ခင်ဗျားလိုချင်တဲ့ပညာကို ကျွန်တော့်အစ အဆုံး အကူ အညီမပေးနိုင်တာ ဝမ်းနည်းတယ်ဗျာ..."

ဟူ၍ ပလ္လင်ခံခဲ့သည်တိုင်အောင် သူနှင့်တွဲ၍လေ့လာကာ ပန်းချီရေးဆွဲ နေရာ၌ သူ့ထံမှ တန်ဖိုးမဖြတ်နိုင်သော အချက်အလက်၊ သွန်သင်ချက်များကို ဆည်းပူး ရရှိခဲ့ပါသည်။ နေ့တိုင်းလိုပင် သူ့ထံသွား၍ သူ့ဆေးများကို တရကြမ်းသုံး၊ စက္ကူနှင့် စုတ်များကို အရမ်းဖြုန်းနေခဲ့သည်မှာ တက္ကသိုလ်သုံး စာအုပ်များ ဖုန်တက်သည့်အထိ ဖြစ်ခဲ့ပါတော့သည်။ ထို့ကြောင့်ပင် ဦးကိုလေးက...

mgyoe.com

mgyoe.com

"ကိုကျော်ဝင်းကြည့်လုပ်ဦးနော်၊ တော်တော်ကြာ စာမေးပွဲကျလိမ့်နေဦးမယ်" ဟု စေတနာနှင့် သတိပေးစကား ပြောကြားရှာပါသေးသည်။ အင်္ဂလိပ် တိုက်ရိုက် အုပ်စိုးနေခဲ့သော ကျွန်တက္ကသိုလ်ထက် ဘာမျှမထူးခြားသည့် ယခုတက္ကသိုလ်မှ ဒီဂရီဘွဲ့ကို ကျွန်တော် အလိုမရှိပါ။ ပန်းချီဆရာသာ ဖြစ်ချင်ပါသည်။

သို့နှင့် စာမေးပွဲဖြေလျှင်ပင် ကျရှုံးခဲ့ပြီဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် သိလာခဲ့ရပါသည်။ ပြည်တော်ပြန်သည် မလှတော့ပါ။

ထိုနှစ် ကျွန်တော်၏ ဇာတိမြို့ငယ်ကလေးသို့ နွေရာသီကျောင်းပိတ်ရက် အတွက်အပြန် စာမေးပွဲအောင်စာရင်းမထွက်မီကလေးတွင် နှုတ်နှင့်သွားတွေ့မိပါသည်။

* * *

## ၂။ ။ ငတောရွာမှ– ကလေးမ

သကြ်န်မိုးဦးရွာပြီးစမို့ စိမ်းစိမ်းစိုသော မြက်ခင်းနံ့တို့သည် တသင်းသင်း ပျံ့၍နံ့၍နေကြသည်။ ဒီရနံ့တို့သည် ကမ်းပေါ်မှနေ၍ ကျွန်တော့်အား ခရီးဦးကြို ပြုနေခဲ့ကြပါသည်။

ကျွန်တော်လည်း ဘောက်တူကလေးကို ရွှံ့ပျော့ပျော့ပေါ်သို့ ဦးမော့၍ ထိုးလိုက်ရင်း ကမ်းပေါ်သို့လှမ်းကြည့်လိုက်ပါသည်။ ထိုစဉ်တွင် ဘောက်ကလေး၏ ပဲ့ပိုင်းမှာ ရေပေါ်တွင် ရောက်နေလျက် အခြားတစ်ဖက်စွန်းမှာကား ငတောဘက် ကမ်းခြေသို့ဦးခိုက်လျက် ဖြစ်သွားပါသည်။

ငတောရွာသို့ ကျွန်တော်ငယ်စဉ်ကသာ ရောက်ဖူးပါသည်။ ထိုရွာ၏ တစ်ဖက် ကမ်းတွင်ရှိသော မြို့ပေါ်၌နေရသည်ဖြစ်စေကာမူ မြို့ပေါ်တွင်သာ အနေများလျက် မှိုင်းမြစ်ကို ကျော်ကာ ငတောသို့လည်းပတ်လေ့မရှိခဲ့ပါ။ မြို့ပေါ်ရှိ တစ်ခုတည်းသော ရုပ်ရှင်ရုံမြို့ အရှေ့ဘက်ရှိ ကျောင်းဝင်းနားမှသာယာလှသော ရေကန်ကြီးမြောက်ဘက် ရှိ ရွှေသဝဏ်တောင်၊ ဤရွှေသဝဏ်၏ ဟိုဘက်ရှိ ပျော်ပွဲစားထွက်ရန်ကောင်းသော ဝါးတောစသော နေရာများသို့သာ လည်ပတ်သွားလာ လေ့ရှိပါသည်။ ၎င်းပြင် ဂျပန် ခေတ်က ကုန်သွယ်ပွဲစား လုပ်ခဲ့သဖြင့် ၎င်းဂျပန်အပြေးတွင် ဆယ်တန်းအောင်ကာ တက္ကသိုလ်ပညာရှာမှီးခဲ့သောကြောင့်လည်း ရန်ကုန်မြို့တွင်သာ အနေများခဲ့သည်။ ထိုကြောင့် ရန်ကုန်အကြောင်း နှံ့စပ်လျှင် နှံ့စပ်မည်...၊ ငတောဟူသော ရွာငယ်ကလေး သို့ကား အရွယ်ရောက်ပြီးမှ တစ်ခေါက်တလေကလေးပင် မရောက်ဖူးသေးပါ။

mgyoe.com

mgyoe.com

သို့ရာတွင် ငှတောဘက်ကမ်းဟာ သိပ်သာယာတာပဲဟော့၊ မင်းပန်းချီ ဆွဲချင်တယ်ဆိုရင် သိပ်ကောင်းပေါ့ဟူ၍ သူငယ်ချင်းအချို့က အကြံပေးလိုက်သောအခါ ကျွန်တော့်မှာ ဆရာဦးကိုလေးထံ ရှမ္မော်ခင်းကားချပ်များ လက်ဆောင်ပေးရန် ကြံရွယ်နေသည်နှင့် ကြုံကြိုက်သွားသဖြင့်...

ရေငတ်တုန်း ရေတွင်းထဲကျဆိုသလိုဖြစ်သွားတော့ကာ ဘောက်တူကလေးတစ်စီးဖြင့် များစွာမကျယ်ပြန့်သော မှိုင်းမြစ်ကိုဖြတ်ကျော်လျက် ငှတောသို့ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

ကမ်းခြေမှလှမ်းကြည့်လိုက်လျှင် ရွာကိုမမြင်ရပါ။ တောမှာတံငါရွာများကဲ့သို့ ကမ်းနဖူးပေါ်မေးတင်ထားသော ရွာမဟုတ်ပေ။ ကမ်းစင်နှင့် ရွာအကြား သရက်၊ မာလကာ၊ စိန်ပန်းပင်ငယ်၊ ပင်လတ်တို့ပေါက်ရောက်ကာ ချုံနွယ်ကိုင်းတန်းများ ရောယှက်ဖုံးလွှမ်းနေသော တောတန်းကလေး ကာကွယ်ဖုံးထားပါသည်။ ကမ်းခြေ၌မူ ထန်းနှင့် သရက်များ စိစိရိရိပေါက်နေပါသည်။

ငှတောရွာကိုတော့ မမြင်ရ၊ သို့သော် ဟိုအဝေး... အဝေးဘက်မှာတော့ ရိုးမတောင်တန်းကြီး... တညိုညိုနှင့် နောက်ခံနေလေသည်။

ကျွန်တော်လည်း တောတန်း၏သာယာမှုတွင်ပင် အတော်ကြီး စိတ်ဝင်စားသွားပါသည်။ ပြီးမှ ဘောက်ဝမ်းထဲရှိ အိတ်ကြီးကို မကာ ရွံ့ထဲသို့ ဆင်းလိုက်ပါသည်။

ရေကျနေဆဲမို့ သွေ့ခြောက်သောကုန်းပြင်နှင့်ရေစပ်၏အကြားတွင် ညိုမည်းသော ရွံ့များခံလျက်ရှိပါသည်။ ထို့အတွက် ဘောက်ပေါ်မှ ဆင်းလျှင် ဆင်းချင်း၊ ခြေသလုံး တစ်ဝက်ခန့်မှာ ရွံ့ထဲ၌ နစ်မြုပ်သွားပါသည်။ သို့သော်လည်း ဂျပန်ခေတ်ကုန်သည်ဘဝကတည်းက ဤကိစ္စမျိုးကို နောကျေအောင် လေ့ကျင့်သားရပြီး ဖြစ်သည့်အတိုင်း ရွံ့များတွင် တစပ်စပ်နင်းရင်း ကုန်းသွေ့သွေ့အထိ ပယ်ပယ်နယ်နယ် တက်ရောက်သွားပါတော့သည်။

ကုန်းပေါ်ရောက်တော့မှ လှေပျက်တစ်ခုတွင် တင်နေသော မိုးရေများကို အခန့်သင့်တွေ့သဖြင့် ခြေနှစ်ဖက်လုံး ရေထဲနှစ်ကာ အဖတ်လိုက် အဖတ်လိုက်ကပ်နေသည့် ရွံ့စေးများကို သာမန်ကာလျှံကာလောက်ပဲ သုတ်သင်လိုက်ပါသည်။ ထိုခဏ၌ မှိုင်းမြစ်ထဲမှ...

မှိုင်းညို့ညို့ဆိုင်းလို့ရယ်၊ ညိုပြာရီ မှောင်တယ်

တောတန်းကလေး နံဘေးကကွယ်... အဲဒီရွာပဲကွယ်...

mgyoe.com

mgyoe.com

ဟူသော သီချင်းသံတစ်ပိုင်းတစ်စသည် တသဲ့သဲ့မျှပေါ်လာသည်။ ကျွန်တော်လည်း အသံလာရာဘက်သို့ လှည့်ကြည့်လိုက်မိပါသည်။

သီချင်းသံမှာ ရေဒီယိုထဲကသီချင်းသံလို စည်းကျဝါးကျတာမဟုတ်ပါ။ အသံကောင်းသည် ဟူ၍လည်း မဆိုသာပါ။ အချုပ်မှာတော့ စည်းလွတ်ဝါးလွတ် အသံနေအသံထားမမှန်ဘဲ သီဆိုလိုက်သောသီချင်းသံပင် ဖြစ်လေသည်။

ဒီလိုပါပဲ၊ တောကျကျဒေသများမှ သီချင်းသံများသည် အများအားဖြင့် စည်းဝါးကျခဲလှသည်။ အသံကောင်းသည်ဟုဆိုနိုင်သော မိန်းကလေးများ၏ အသံပင်လျှင် စည်းမကိုက် ဝါးမကိုက်ဖြစ်နေတတ်သည်။ ဘယ်မှာ စည်းဝါးကိုက်နိုင်ပါ့မလဲ။ ဒီသီချင်းများသည် သူတို့ထံ စနစ်တကျနှင့် တိုက်ရိုက်ရောက်လာခြင်းမဟုတ်၊ အငြိမ့်ပွဲ အစရှိသည့်တို့တွင် တစ်ခါတစ်ရံ ကြားဖူး၏။ မြို့တက်သောအခါ ခဏ တစ်ဖြုတ်ကြားဖူး၏။ သူငယ်ချင်းများထံမှ တစ်ဆင့်သင်ယူကြရ၏။ ဒါပါပဲ။

တစ်ခါတစ်ရံ သီချင်းစာရွက်ဆိုလျှင် တစ်ပဲတစ်မူးကိုမျက်စိမှိတ်ပေး၍ ဝယ်လိုက်သည်။ အထဲမှစာသားများကို ကြိုက်ရာတေးသွားဖြင့် ဆိုချင်သလို ဆိုတတ်ကြသည်။ ရွာတစ်ရွာနှင့်တစ်ရွာ သီချင်းတစ်ပုဒ်တည်းဆိုသည့်တိုင်အောင် အသံနေအသံထား မူကွဲလေသည်မှာ ထုံးစံပဲဖြစ်လေသည်။

တစ်ခါတစ်ရံ အနောက်နိုင်ငံတေးသွားများ ရောစပ်ထားသည့် သီချင်း များကို သူတို့ဆိုကြလျှင်ကား နားဝင်ပီယံမဖြစ်ဘဲ၊ အငြိမ့်ထဲမှာ လူပြက်၏ပြက်လုံးကို နားဆင်ရသလိုဖြစ်ပါသည်။

သို့သော် ဤသည်လျှင် တောရွာ၏သဘာဝအရပ်ဖြစ်သောကြောင့် စိတ်ဝင်စားဖွယ်ရာ ဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော်လည်း သီချင်းသံလာရာ ဘက်သို့ ကြည်နူးညွတ်ပျောင်းစွာပဲ လှမ်း၍ကြည့်လိုက်မိပါသည်။

လှပသော ပန်းချီကားတစ်ချပ်...

နေရောင်ဟပ်သဖြင့် တဖျတ်ဖျတ်လက်နေသော... ရေသာမြို့မှ ဆန်စက်နှင့် အိမ်ခြေအချို့။ ဟိုဝေးဝေးမှာတော့ ရွှေသဝဏ်တောင်ပေါ်ကစေတီ ဖွေးဖွေးကလေး၊ သည်ပန်းချီကားချပ်ထဲတွင် ရွက်တိုက်သွားသော လှေကလေးတစ်စီးမှ သီချင်းသံ ပျံ့လွင်လာခြင်း ဖြစ်ပါသည်။ အိုလှလိုက်ပါဘိတော့တယ်...။

ချက်ချင်းလိုလိုပင် ကျွန်တော်သည် အိမ်ကြီးထဲမှ တာလပတ်ကိုဆွဲထုတ်၍ ကမ်းနှင့်မနီးမဝေး သရက်ပင်ကြီးအောက်တွင် ခင်းမိပြီးသားဖြစ်သွားပါသည်။

mgyoe.com

mgyoe.com

ပြီးလျှင် အိတ်ထဲမှ ပုံဆွဲကိရိယာအစုံကို ထုတ်ယူလိုက်ကာ အစဦးအနေဖြင့် လှပန်းချီကားချပ်၏ အခြေခံအကြောင်းအချက်များကို ခဲဖြင့်မှတ်သားလိုက်ပါသည်။ ပုံကားအတော်ကောင်းပါလိမ့်မည်...။

၎င်းနောက် ပျဉ်ချပ်ပေါ်တွင် ပုံဆွဲစက္ကူကိုပင်များဖြင့် ကျကျနနကြီးကပ်လိုက်လျက် အဖြူသား... ပုံဆွဲစက္ကူအားတစ်လှည့်၊ ရွှေသဝဏ်တောင်ဘက်သို့တစ်လှည့်ကြည့်ရင်း စိတ်ကူးနေမိပါသည်။ ပျဉ်ချပ်ပေါ်မှ ပုံဆွဲစက္ကူကား အဖြူရောင်သာ ရှိပါသေးသည်။ သို့သော် ကျွန်တော့်စိတ်ကူးနှင့် ခြယ်လှယ်လိုက်ရာတွင် လှပသော... ပန်းချီကားချပ်ကြီး ဖြစ်သွားတော့မှ–

ကျေနပ်နစ်သိမ့်စွာဖြင့် ခဲကြောင်းပေးပါတော့သည်။

ပုံစံအကြမ်းကိုတစ်လှည့် ၊ ပုံဆွဲစက္ကူကိုတစ်လှည့် ၊ ရှုခင်းကိုတစ်လှည့်၊ ပုံဆွဲစက္ကူတစ်လှည့်။

ဤသို့အားဖြင့် မော့ချည်ငုံ့ချည်ဖြင့် ခဲရာသားနေစဉ် သရက်ကင်းကလေးတစ်လုံးသည် ကျွန်တော့်လက်ဝဲလက်ပေါ်သို့ ကျလာပါသည်။

ကျွန်တော်၏လက်ကား သရက်စေးများ အနည်းငယ် ပေကျံသွားပါသည်။

သို့သော်လည်း ဂရုမစိုက်နိုင်ဘဲ လုံ့ချည်နှင့် လက်ကိုသုတ်ကာ ဆွဲနေသောရုပ်ပုံတွင်သာ စိတ်ဝင်စားနေခဲ့ပါသည်။

တိမ်ကိုအဆုပ်အဆုပ်မထည့်ဘဲ အတန်းကလေးတွေထည့်လိုက်၊ ညနေစောင်းရှုခင်းလို နေဝင်ရောင်စုံခြယ်...၊ လှေသေးသေးကလေးအစား အကြီးကြီးဆွဲပြီးရွက်တွေကို စွင့်နေအောင် ဖွင့်ပေးလိုက်ရင် ဘယ်လောက်လှမလဲ...

ကျွန်တော်ကတော့ ဒါပဲ အာရုံစူးစိုက်စဉ်းစားရင်း ခဲကြောင်းပေးနေပါသည်။ အတော်ကလေးကြာတော့... အခြေခံခဲကြောင်းများ ရေးဆွဲပြီးသွားပါသည်။

အဲ... ဘယ်လောက်လှလိမ့်မလဲ...

ကျွန်တော်သည် ပုံဆွဲစက္ကူကို ကျေနပ်နစ်ခြိုက်စွာ ကြည့်နေသောအခါမှ သရက်သီးတစ်လုံး ကျလာပြန်ပါသည်။ ထိုသရက်သီးကား အကင်းကလေးလည်း မဟုတ် အလုံးကြီးဖြစ်လျက် ပုံဆွဲစက္ကူကို တည့်တည့်ကြီး ထိမှန်သွားတော့ရာ၊ မိုးရေရော...၊ သရက်စေ့တို့ပါ စက္ကူတွင်ပေကျံသွားပါတော့သည်။

ထိုမျှသာမကသေး၊ အပင်မှာ အနည်းငယ်လှုပ်သွားလျက် သရက်ရွက်များပေါ်တွင် တင်ကျန်ရစ်ခဲ့သော... သကြန်မိုးဦးပေါက်တို့သည် ကျွန်တော့် တစ်ကိုယ်လုံး

mgyoe.com

mgyoe.com


နှင့် စာရွက်ပေါ်ပါ ဖွားခနဲဖွားခနဲကျလာပါတော့သည်။

ကျွန်တော့်ပန်းချီကားချပ်ကား၊ ပျက်စီးသွားလေပြီ။

"တယ်... ဒီသရက်ပင်ဟာ..."

ကျွန်တော်သည် ကျွန်တော်၏ပင်ပန်းမှုကို အချည်းအနှီးဖြစ်စေသည့် သရက်ပင်အား ဒေါသကြီးစွာမာန်ခဲရင်း အငြိုးကြီးဖြင့် မော်ကြည့်လိုက်သည်တွင်၊ မျက်လုံးများမှာ ကျွတ်ထွက်လုမတတ် အံ့သြစွာဖြင့် ပြူးကျယ်သွားပါသည်။

သရက်ကိုင်းတစ်ကိုင်းတွင် ထဘီတိုတိုဝတ်ထားသည့် မိန်းကလေး တစ်ယောက်သည် ကျွန်တော့်အား... ပြုံး၍ ကြည့်နေပါသည်။ ၎င်းသည် ချင်းလွယ် အိတ်ပေါင်းကြီး တစ်လုံးကို စလွယ်သိုင်းထားပါသည်။

အမှန်တော့ သရက်သီးများမှာ အလိုအလျောက်... ပြုတ်ကျခြင်း မဟုတ်ဘဲ သူက ပေါက်ချသဖြင့် လာရောက်ထိမှန်ရခြင်းဖြစ်ပါသည်။ သူကြောင့် ကျွန်တော့် ပန်းချီကားတစ်ချပ်ကား ပေကျံပျက်စီးသွားရပြီဖြစ်ရကား၊ ကျွန်တော့်မှာ အတော်ကြီးပဲ ဒေါသထွက်သွားမိပါသည်။

ပထမသော်... သက်မဲ့သရက်ပင်၊ သဘာဝအလျောက်ပြုတ်ကျခြင်းဟုထင်ခဲ့ သဖြင့်၊ လွန်မင်းစွာ စိတ်မဆိုးသာသော်လည်း ယခု... လူတစ်ယောက်၏လက်ချက် မှန်းသိသောအခါတွင် စိတ်ထဲ၌ အတော်ပင် ထိန်းမရ သိမ်းမရဖြစ်သွားတော့ကာ...

"ဟေး မင်းသရက်သီးနဲ့ ပေါက်သလား။"

ဟူ၍လှမ်းအော်လိုက်မိပါသည်။ ကလေးမသည် ပထမပြုံး၍သာနေ လျက် အဖြေမပေးပါ။

"ဟော့... ငါမေးနေတာမကြားဘူးလားကွ..."

သူ၏မျက်နှာအပြုံးသည် လုံးဝကွယ်ပျောက်သွားပါသည်။ ကျွန်တော် စိတ်ဆိုးနေမှန်း သိသဖြင့် မျက်နှာများပျက်သွားပါသည်။ သို့သော်လည်း ရုတ်ခြည်း ပင် မျက်နှာပိုးသတ်လိုက်ကာ နှုတ်ခမ်းကလေးစူတူတူလုပ်၍ မျက်စောင်းချိတ်လိုက်ရင်း

"မတော်တဆ ထိသွားတာပါတော်"

ဟုပြောပါသည်။ ပြီးလျှင်သရက်သီးများဖြင့် ဖောင်းနေသော လွယ်အိတ် ကြမ်းကြီးကို ရှေ့ဘက်မှ အနောက်ဘက်သို့ဆွဲလှည့်လိုက်ပါသည်။

"ဘာမတော်တဆလဲကွ..."

ကျွန်တော်လည်း ဆွဲလက်စ စက္ကူကိုဖြုတ်လိုက်၍ လုံးထွေးခြေမွလွှင့်ပစ်

mgyoe.com

လိုက်ပါသည်။ ထိုကဲ့သို့ဆောင့်ကြီးအောင့်ကြီးနှင့်ပြုမူလိုက်လျှင်ပင် ကလေးမသည် တုန်လှုပ်ခြင်း မဖြစ်သည်သာမက ဟက်ဟက်ပက်ပက်နှင့်အသံထွက်အောင်ပင် ရယ်လိုက်ပြန်ပါသည်။

"ဘာ... ရယ်တာလဲ..."

ဒေါသကြောင့် ကျွန်တော်လည်း တစ်ခွန်းပြီးတစ်ခွန်း ဝေါက်နေပြန်ပါသည်။ ဤတွင်မှ ကလေးမသည် ကျွန်တော်အား နှုတ်ခမ်းစူလျက် ငုံ့ကြည့်လိုက်ပါသည်။

"ဘာတုံး... တော့်ကို ရယ်တယ်များ အောက်မေ့လို့လား။ ဟင်း... ဟုတ်ပေါင်...၊ ဟိုသရက်သီးနှစ်လုံးပူးနေတာတွေ့လို့... သိလား..."

ကက်ကက်လန်အောင် ပြန်လှန်ရန်တွေ့နေရာမှ... ကလေးမသည် လွယ်အိတ်ကို ကျောဘက်တွင် နေသားတကျရှိစေပြီး သစ်ပင်မှ ကျင်လည်စွာ ဆင်းလာပါသည်။

"မင်း–မင်း ငါ့ညီမလေးသာဆိုရင် တင်ပါးပုပ်ပြီမှတ်။ မင်းလား... မင်း..."

ကျွန်တော်သည် တောသူမလေး၏နဖူးဆီသို့ လက်သီးကြီးတဝဲဝဲဖြင့် ကြိမ်းဝါးမိပါသည်။ သို့သော်လည်း သူကား ယခုထက်ထိ ကြောက်လန့်မှု အနည်းငယ်မျှမပေါ်၊ ကားစွင့်နေသောတင်ပါးများအပေါ် လက်နှစ်ဖက်ထောက်လိုက်ပြီး–

"အို ကျွန်မလည်း ရှင့်ညီမဆိုရင် ရှင့်နားကပ်မှာမဟုတ်ဘူး။ သိပ်ပျင်းစရာကောင်းတာ၊ ထိုင်ပြီး အကြာကြီးနေလိုက်တာ ရှင်မို့ မပျင်းတယ်"

ဟူ၍ပြန်ဝေါက်လိုက်ပါသည်။ သူကား ကျွန်တော်ငြိမ်သက်စွာထိုင်၍ ပုံဆွဲနေခြင်းကို အကဲခတ်နေခဲ့ပါလိမ့်မည်။ ၎င်းနောက် ကြာမြင့်သောအခါ ပျင်းပျင်းရှိလာသည့်အတိုင်း စိတ်ပေါက်ပေါက်နှင့် သရက်သီးများဖြင့် ပစ်ခတ်နှောက်ယှက်ခြင်း ဖြစ်ပါသည်။

"မင်း နာမည်ဘယ်သူလဲ၊ ငါသွားတိုင်မယ်...။"

"အမေ့ မေးကြည့်ပါလား တိုင်တစ်လုံး သုံးမတ်ရယ်"

သူသည် နှုတ်ခမ်းများထော်၍ ပြလိုက်ရင်း ကိုင်းတောကြားမှ လူသွားလမ်းကလေးသို့ ပြေးဝင်ပျောက်ကွယ်သွားပါသည်။

ကျွန်တော်လည်း လန့်၍ကျန်ရစ်ခဲ့ရာမှ ဟင်းခနဲသက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်လိုက်မိသည်။

မြေပေါ်၌ကား ကြေမွနေသည့် စက္ကူလုံး...။

* * *

mgyoe.com

mgyoe.com

## ၃။ ။ နုရုံ…တဲ့

နောက်တစ်နေ့ မပြီးသေးသော ပန်းချီကားကိုရေးဆွဲရန် ငုတောဘက်သို့ သွားခဲ့ပါသည်။

ကမ်းပေါ်သို့ရောက်လျှင်ရောက်ချင်း ကျွန်တော်သည် ကမ်းစပ်မှ သရက်ပင်၊ စိန်ပန်းပင်တို့ပေါ်သို့ လှမ်း၍ကြည့်မိပါသေးသည်။ သို့သော် ကလေးမကို မတွေ့ရတော့သဖြင့် စိတ်ချလက်ချကြီး နေရာယူကာ ပန်းချီဆွဲရန် ဟန်ပြင်ခဲ့ရပါသည်။

ပုံဆွဲစက္ကူပေါ်တွင် ခဲရာသားပြီးသောအခါ၌ကား နောက်ဘက်ဆီမှ ခြေသံများကြားလိုက်ရပါသည်။ ကျွန်တော်လည်း ဖြုန်းခနဲလှည့်ကြည့်လိုက်ရာ ထင်သည့်အတိုင်း မကြီးစာဖြစ်နေ၍ ပုံဆွဲစက္ကူကို လျင်မြန်စွာ မှောက်ကွယ်လိုက်မိပါသည်။

"ဟဲ–ဟဲ တယ်ကြောက်တယ် ထင်တယ်…"

ကလေးမသည်… ဝါးခက်ကလေးကို ဝှေ့ယမ်းရင်း ကျွန်တော့်အနီးသို့လျှောက်လာပါသည်။ သူ့အပြုံးလိုက်သောအခါတွင် ပါးချိုင့်ကလေးများပင် ပေါ်လာတတ်ပါသည်။

"ကြောက်ရတာပေါ့ဟ၊ မင်းကဘာမသိညာမသိနဲ့"

ကျွန်တော်သည် မော့ကြည့်ရင်း ဖြေလိုက်ပါသည်။

ပုံဆွဲစက္ကူကိုပေါင်ပေါ်တင်ထားကာ အောက်ခံပျဉ်ချပ်ကို စက္ကူပေါ်ဖုံးထားရင်း သူ့ကို စိုးရိမ်စွာကြည့်နေသည်ကိုမြင်သောအခါတွင် သူ့မျက်နှာမှာပြုံးစိစိကလေး ဖြစ်သွားပါသည်။

"ရှင့်အလုပ်လုပ်မှာသာ လုပ်ပါ။ ကျွန်မငြိမ်ငြိမ်ကလေးနေပါမယ်…"

"မင်းဘာဖြစ်လို့ ဒီကိုလာတာလဲ…"

"ရှင်ပုံဆွဲတာကို ကြည့်ချင်လို့။"

"မင်းမကြိုက်ဘူး…၊ ပျင်းစရာကောင်းတယ်ဆို…"

"အိမ်မှာအိပ်နေရတာထက်တော့ ဒါက တော်သေးတာပေါ့၊ ကဲ… လုပ်မှာသာလုပ်ပါ ကျွန်မ မနှောင့်ယှက်ပါဘူး"

"တကယ်လား၊ မင်းအလစ်မှာများ ဝင်ရှုပ်မှာလား"

ကျွန်တော်သည် သူ့အား ယခုထက်ထိ မယုံနိုင်သေးပါ။ သူကတော့ မျက်နှာထားတည်တည်နဲ့ပဲ ကျွန်တော့်ကိုယုံစေပါသည်။

"မရှုပ်ပါဘူး၊ ဟောဟိုကန် ရွှေသဝဏ်စူးရစေရဲ့"

mgyoe.com

"အို... မကျိန်ပါနဲ့ကွာ၊ မလုပ်ဘူးဆို ပြီးရောပေါ့။"

"နို့ ရှင်က မယုံဘူးဆို"

သူသည် ကျွန်တော်နှင့်မနီးမဝေး မြက်ပုံ့ပုံ့ကလေးများပေါ်တွင် အသာ အယာ ထိုင်လိုက်ပါသည်။ ကျွန်တော်လည်း တာလပတ်အကျယ်ကြီး၏ တစ်ဖက် စွန်းသို့ ကပ်လိုက်ရင်း အခြားတစ်ဖက်စွန်းတွင် သူ့ကိုထိုင်ရန်ပြောပါသည်။ ဤတွင်မှ သူသည် တာလပတ်စွန်းတွင် ဝင်ထိုင်ပါသည်။

ယခုမှကျွန်တော်သည် ကလေးမအား ကျကျနန အကဲခတ်မိပါတော့ သည်။ သူ၏ အသားမှာဖြူဖြူဖွေးဖွေးကြီး မဟုတ်ငြားသော်လည်း အသားမည်းသည် ဟူ၍လည်း မခေါ်သာပါ။ မဖြူမညိုနှင့် တိရိသော အရောင်ဖြစ်ပါသည်။ ဆံပင်ကို အမောက်မပါဘဲ ပြောင်တင်းတင်း ဖြီးထားကာ နဖူးပေါ်တွင် ဆံယဉ်ကလေးများ ကျန်နေပါသေးသည်။ နက်မှောင်သော ပင်ကိုမျက်ခုံးအောက်တွင် ကျန်းမာမှုဖြင့် တောက်ပြောင်ကြည်လင်နေသော မျက်လုံးများမှာ တလက်လက် ရွှန်းနေပါသည်။ နှာတံမှာ များစွာမထူးခြားသော်လည်း နှုတ်ခမ်းနှစ်ချပ်တို့ကာ ရဲရဲနေပါသည်။ စကားပြောလိုက်တိုင်း မပွင့်တပွင့်ပေါ်လာသောသွားတို့မှာ သွားထပ်ကလေးများ ကြောင့် ချစ်စရာကောင်းနေသည်။

"ငြိမ်ငြိမ်ထိုင်ကြည့်နော်..."

"အင်း..."

"ဒါဖြင့်၊ ကျေးဇူးပါပဲကွာ"

ကျွန်တော်သည် ပုံဆွဲစရာကိုဆက်၍ဆွဲနေခဲ့ပါသည်။ သို့သော်လည်း စိတ်မှာ ကလေးမထံသာရောက်နေသောကြောင့် များစွာလက်မသွက်ပါ။ ကျွန်တော်သည် သူ့ကိုမကြည့်ဘဲ စကားစပြောမိပါသည်။

"မင်းနာမည်ဘယ်သူတဲ့လဲ..."

"နုရုံ... တဲ့..."

"ဘယ်လို... နုရုံတဲ့လား..."

"အင်း..."

ကျွန်တော်သည် နုရုံအားစူးစိုက်ကြည့်နေမိပါသည် ကလေးမဟုခေါ်နေ သော်လည်း သူကား ငယ်ရွယ်သော ကလေးသူငယ်မဟုတ်ပါ။ အသက် ၁၇ နှစ်ခန့် အပျိုဖြန်းကလေးတစ်ယောက် ဖြစ်ပါသည်။

mgyoe.com

 mgyoe.com 

"နှုရုံပဲ နှုတယ်...၊ မလှဘူးလား..."

ကျွန်တော်ကနောက်ရွတ်ရွတ်ပြောလိုက်ရာ သူကလည်း ပါးချိုင့်ကလေးများ ပေါ်လာသည့်အထိပြုံးရင်း။

"ရှင်ဘယ့်နှယ်ထင်သလဲ။"

ဟုသိလိုစွာ ပြန်လည်မေးလိုက်ပါသည်။ သူ၏မျက်လုံးများက တောက်ပ၍ နေကာ ကျွန်တော်၏မျက်နှာအပေါ်သို့ စူးစိုက်၍နေပါသည်။

"ငါထင်တော့... မင်းဟာ လှရုံပဲ လှပါတယ်ကွာ။ မနှုပါဘူး..."

နှုရုံသည် နှစ်သိမ့်စွာရယ်မောနေပါသည်။ သူကား မနေ့ကအမူအရာနှင့် လုံးဝ ကွာခြားနေသည်။ မနေ့က ဘောက်ဆတ်ဆတ် ခွကလန့်ကျသော ကလေးမ ကလေး ဖြစ်သည်။ ယနေ့တော့ ရဲရဲတင်းတင်း ချက်ကျကျစကားပြောတတ်သည့် အပျိုဖြန်းကလေး ဖြစ်နေလေသည်။

"ရှင့်နာမည်ကရော..."

"ကျော်ဝင်း..."

"မြို့ပေါ်ကပေါ့နော်..."

"အေး... မင်းကတော့ ငုတောကပဲထင်တယ်..."

"အင်း..."

နှုရုံသည် ဝါဝါဝင်းနေသော ငုပွင့်များဆီသို့ လှမ်းမျှော်ကြည့်ရင်း ဆိုလိုက်ပါသည်။ အင်ကြင်းနံ့တို့သည် တသင်းသင်းထုံကြိုင်လျက်ရှိနေပါပြီ။

ကျွန်တော်လည်း ပုံဆွဲခြင်းကို ခေတ္တရပ်ဆိုင်းလိုက်ကာ အိတ်ကြီးအတွင်း မှ ဓာတ်ဘူးနှင့်မုန့်ထုပ်ကိုထုတ်လိုက်ပါသည်။ ပြီးလျှင် ဓာတ်ဘူးအတွင်းမှ ကော်ဖီ ပူပူနွေးနွေးကိုငှဲ့ကာ သူ့အားတိုက်ပါသည်။ သို့ရာတွင် နှုရုံကတော့ ကော်ဖီကိုသောက် တတ်မည်ဝေးစွ၊ သောက်ပင်မသောက်ဖူးချေ။ ထို့အတွက် မုန့်ထုပ်ထဲမှ တရုတ်မုန့် များကိုပဲ စားခိုင်းရပါတော့သည်။

ဒါတောင်မှ နှုရုံသည် မစားရဲသလို လုပ်နေပါသေးသည်။ နောက်ဆုံး ကျွန်တော် က ဇွတ်အတင်းကျွေးတော့မှပဲ ကျေးဇူးတင်သော မျက်လုံးကြီးများ တစ်ချက်ဝေ့လိုက် ရင်း မုန့်တစ်ခုကိုယူလိုက်ပါသည်။ ပြီးလျှင် တောတန်းဘက်သို့မျက်နှာမူလိုက်ကာ ပုဆစ်တုပ်၍ ပိရိစွာထိုင်ပါသည်။ ၎င်းနောက် မုန့်ကို အထက်သို့မြှောက်လျက် မျက်စိ များစုံမှိတ်ကာ ပါးစပ်မှလည်း ဘာမှန်းမသိ တတွတ်တွတ် ရေရွတ်ပါသည်။ ကျွန်တော်

mgyoe.com

 mgyoe.com


လည်း သူ့အား အံ့အားသင့်စွာဖြင့်ငေးကြည့်နေမိပြီးမှ

"နုရုံ... အဲဒါဘာလုပ်တာလဲ..."

ဟု မေးလိုက်မိပါသည်။ ထိုသို့မေးရခြင်းမှာ အံ့သြခြင်းတို့ အတိုင်းမသိလွှမ်းမိုးသောကြောင့် မေးမြန်းရခြင်းဖြစ်သည်။ သို့သော်လည်း နုရုံက ကျွန်တော်အားပြန်၍ ကြည့်လိုက်သောအကြည့်တွင် ပါဝင်လာသော အံ့သြမှုတို့ကား ပို၍ ကြီးမားနေပါပေသည်။

"အလို–ရှင်မသိဘူးလား၊ အရှင်ကြီးကိုပသတာပေါ့"

"ဘာ အရှင်ကြီးလဲ"

"ဒီနယ်တစ်နယ်လုံးကိုပိုင်တဲ့ အရှင်ကြီးလေ"

သူကလွယ်လင့်တကူပဲ ပြန်၍ဖြေပါသည်။ ကျွန်တော်နားမလည်ခြင်း၊ မသိခြင်းတို့ကို သူကအထူးပဲ အံ့သြနေပုံရပါသည်။

"သူက ဘယ်မှာနေသလဲ"

"အရှင်ကြီးနတ်ကွန်းလား...၊ ဒီတောထဲမှာရှိတယ်၊ ဘာပဲစားစား... မစားခင်သူ့ကိုပသမှကြိုက်တယ်..."

ကျွန်တော်လည်း မရယ်မိရန် မနည်းကြီး ကြွေဆည်နေလိုက်ရပါသည်။

"ဩော်အရှင်ကြီးတဲ့လား၊ ခုနကမင်း သူ့ကိုကျွေးတာပေါ့။"

"ကျွေးတယ်မခေါ်ဘူး၊ တင်တယ် ခေါ်တယ်...၊ ဆွမ်းတော်တင်သလိုပေါ့..."

"သူက တရုတ်မုန့်မကြိုက်ဘူးထင်တယ်..."

"ဘာဖြစ်လို့လဲ..."

"ကြည့်ပါလား... မင်းကမစားခင် ကျွေးတာတောင်မှ သူက မစားဘဲဟာ..."

"စားသားပဲ..."

"စားတယ်သာဆိုတယ်... မင်းမုန့်လျှော့မှမသွားဘဲ"

နုရုံကလေးမှာ ရုတ်တရက်မို့ နားရှုပ်သွားကာ သူလက်ထဲမှ တရုတ်မုန့်ကိုပြန်၍ ငုံ့ကြည့်လိုက်လေသည်။

"အို... အရှင်ကြီးက အငွေ့ပဲစားတာ..."

"ဒါဖြင့် မင်းအရှင်ကြီးတော်ပြီ၊ အငွေ့ဆိုတာဆိုင်မှာကတည်းက ကုန်သွားပြီး..."

ကျွန်တော် ကလေးမ၏ အယူလွဲမှားမှုအတွက် သနားကြင်နာစွာပင် သူ့အား

mgyoe.com

mgyoe.com

ကြည့်နေမိပါသည်။ သူကလည်း ကျွန်တော် မသိနားမလည်မှုအတွက် သူက ကျွန်တော့်ကိုပိုလို့ပဲ သနားနေသည်မှာ ထင်ရှားမြင်သာလှပါပေသည်။

"ဟုတ်ပါဘူး...၊ ဒီအရှင်ကြီးကို မင်းတို့က အခြောက်တိုက်ရှိခိုးနေရ အောင် သူက မင်းတို့အတွက် ဘာလုပ်ပေးလို့လဲ..."

ကျွန်တော်လည်း ကော်ဖီတစ်ကျိုက်သောက်လိုက်လျက်မေးမိသည်။

"အို... အရှင်ကြီးမရှိရင် အဲလေ–အရှင်ကြီးသာစောင့်ရှောက်မပေးရင် ကျွန်မတို့ရွာဟာ ဒီစစ်ဘေးကလွတ်မတဲ့လား။ အခု အရှင်ကြီးက စောင့်ရှောက်ပေးလို့ ကျွန်မတို့ရွာဘာမှမဖြစ်ဘူး၊ ဗုံးအကြွတောင်တစ်ခါမှမခံရဘူး၊ ဘကြီးစိုးက ပြောတော့ ဒီဟာ အရှင်ကြီး မစလို့တဲ့..."

"ဟ မင်းတို့ရွာကစစ်ကြောင်းလည်းမကျ၊ စစ်တပ်လည်းမစွဲ ဘာမှအရေး မကြီးဘဲ။ တို့မြို့တောင်ဗုံးကြဲမခံရတာ မင်းတို့ရွာတော့ ဝေလာဝေးပေါ့..."

"ရှင်တို့မြို့ ဗုံးကြဲမခံရတာလည်း အရှင်ကြီးကြောင့်ပဲ...၊ အရှင်ကြီးက နယ်ရှင်၊ ဒါကြောင့် ဒီဘက်ကမ်းတင်မကဘူး ဟိုဘက်ကမ်းကိုလည်းပိုင်တယ်၊ ရှင်တို့ ဘာမှ တင်တာမြှောက်တာမလုပ်ဘူးလား..."

"ဘယ်လုပ်မတုန်းကွ...၊ ဒါသူစောင့်ရှောက်လို့ တို့စစ်ဘေးကလွတ်တာမှ မဟုတ်ဘဲ...။ ဒီအရှင်ကြီး ရန်ကုန်မြို့ကိုလွှတ်ပြီး နယ်ရှင်ပယ်ရှင် ခန့်ကြည့်စမ်းချင် တယ်။ ဗုံးပဲကွဲမလား သူပဲ ဖင်စုတ်ပြေးမလားလို့..."

ကျွန်တော့်မှာ ဒေါကလေးပါလာသဖြင့် ရင့်ရင့်သီးသီးကြီးပြောမိလေရာ နုရုံသည် ပါးစပ်ကလေးကို လက်ဝါးနှင့်အုပ်လိုက်ရင်း ကျွန်တော့်ကို... စိတ်ပျက်စွာ မော့ကြည့်နေပါတော့သည်။

"ရှင် ဒီလိုမပြောနဲ့၊ ဒုက္ခရောက်သွားလိမ့်မယ်။ ဟိုအရင်တစ်ခါ မအေးသာ ဆိုတဲ့ မိန်းမတစ်ယောက် အရှင်ကြီးကို မရိုမသေပြောမိလို ဝမ်းရောဂါနဲ့ ကိစ္စချော ခဲ့ပါရော"

ဟူ၍လေသံတိုးတိုးဖြင့် စေတနာအရင်းခံနှင့် စိုးရိမ်တကြီး သတိပေး ရှာပါသေ သည်။ ပြီးလျှင် သူ့အရှင်ကြီးအား ကျွန်တော့်ကိုခွင့်လွှတ်ပါမည့်အကြောင်း သူကပဲ ဒူးထောက်၍ တောင်းပန်နေပြန်ပါသည်။

"ကဲလေ... ရှိပါစေတော့၊ ဗုံးကြဲတာတော့ လွတ်ပါပြီတဲ့၊ မင်းတို့ရွာမှာ ဂျပန်ခေတ်တုန်းက ချွေးတပ်ဆွဲမခံရဘူးလား..."

mgyoe.com

"အဆွဲခံရတာပေါ့... ဆယ့်နှစ်ယောက်တောင်ပါသွားတာပဲ..."

"ကဲ အဲဒီလိုဂျပန်ချွေးတပ်ဆွဲတော့ မင်းတို့အရှင်ကြီးက ဘယ်ချောင်သွားပြီး အလေလိုက်နေသလဲ။ သူတပည့်သားမြေးတွေကို မကယ်ဆယ်တော့ဘူးလား..."

ကျွန်တော်လည်း အောင်နိုင်သော အသံကြီးဖြင့်မေးလိုက်ကာ မပြုံးတပြုံး လုပ်ရင်း ကော်ဖီနှင့်မုန့်များကိုသောက်စားနေခဲ့ပါသည်။ နုရုံကလည်း အရွှံမပေးသေး။

"အို... ရှင်က အဖြစ်အပျက်တွေကို အစကအဆုံးအထိ သိမှမသိဘဲနဲ့။ ဒီလူတွေက အရက်တွေမူးပြီး အရှင်ကြီးနတ်ကွန်းရှေ့မှာ မတော်တရော်တွေသွား လုပ်တာကိုး... ဂျပန်တွေလာဆွဲတော့ သူတို့ကိုမှရွေးပြီးဆွဲသွားတယ်..."

"အမယ်လေးဟဲ့... နုရုံ..."

ကျွန်တော်သည်ဘာမျှမပြောလိုတော့ပါ။ သူ့ကိုသာ စိတ်ပျက်စွာကြည့် နေမိပါသည်။ သူ့အလိုအရဆိုလျှင်၊ အရှင်ကြီး၏မှိုင်းမမှုကြောင့် ဗမာပြည်သို့ နယ်ချဲ့သမားများ လာရောက်နိုင်ကာ အဆီစုပ်၊ သွေးစုပ်ခံရသည်။ တစ်ဖန် အရှင်ကြီး ၏မှိုင်းမမှုကြောင့် လူတွေတစ်ခဲနက်တော်လှန်လာကြသည်။ လွတ်လပ်ရေးကို တောင့်တ လာကြသည်။ သို့သော် အရှင်ကြီးကို မတော်တရော်ပြုမိကြသဖြင့် တောင့်တသော လွတ်လပ်ရေးမျိုးမရဘဲ လေဘာနယ်ချဲ့စနစ်အောက် ရောက်သွားရသည်။ အစရှိသည် ဖြင့် ဆိုနိုင်က ဆိုမလားမသိပေ။ လောကကြီး၌ ရှိရှိသမျှအရာတို့သည် အရှင်ကြီးနှင့် အပေါင်းပါတို့၏ မှိုင်းမမှု၊ စိတ်ဆိုးမှုတို့အပေါ် မူတည်နေသလို ဖြစ်နေပေတော့သည်။

ကြည့်စမ်းပါဦး... အရှင်ကြီး မှိုင်းမသဖြင့် ကိုဖိုးထင်တိုးခဲ့သော လယ်ကွက်မှာ ၆၀ ခန့်သီး၏။ တစ်ဖန် အရှင်ကြီးအား ကြက်သားဟင်းတင်ရန် မေ့သွားသဖြင့်၊ လယ်ကွက်ကို ချစ်တီးလက်အပ်ရသည်အထိဖြစ်သွားသည်။ နောက်တစ်ခါ အရှင်ကြီး မှိုင်းမသဖြင့် လက်ငုတ်တွင် သီးစားလုပ်ရ၏။ တစ်ဖန် အရှင်ကြီး၏ဒေါသကြောင့် သီးစားခကို သီးထွက်တစ်ဝက်ကျော်ပေးရလျက် ကိုဖိုးထင်တော်ရပြုတ်ရဖြစ်သတည်း။

အဘယ်နိုင်ငံရေးသမား ပုပ္ပရွှအပေါင်းတို့ ပင်ပန်းခံလျက် လူထုကို စည်းရုံး လှုံ့ဆော်ခြင်း မပြုကြကုန်နှင့်၊ အရှင်ကြီးထံသို့သာ ချဉ်းကပ်ပါလော့။ သူလိုသည့် အတိုင်း သူ့ရှေ့မှောက်တွင် စိပ်ပုတီးစိပ်ပြလော့။ သူလိုသည့်အတိုင်း ကြက်သား၊ ဝက်သားများ တင်မြှောက်လော့။ နောက်ဆုံး သူက သမီးတောင်းလျှင် သင်တို့၏ ရင်သွေးရင်နှစ်များကို ယစ်ပူဇော်ကြလော့။ ဤကား ဗမာပြည်အတွက် ထွက်ရပ်လမ်း တည်း။

mgyoe.com

 mgyoe.com


ကိုင်း... ဒီလိုပဲဆိုရတော့မလား။ ကျွန်တော်သည် နုရုံကိုစိတ်ပျက်စွာ ငေး၍ ကြည့်နေမိစဉ်တွင် သူကလည်း ကျွန်တော့်ကို လူခွစာတစ်ယောက်အနေနှင့်ပြန်၍ ကြည့်နေပါသည်။ ထိုကြောင့် ကျွန်တော်လည်း ဣန္ဒြေနှင့်မနေနိုင်တော့ဘဲ ပြုံးလိုက်ရပြန်ပါသည်။

"နုရုံ၊ မင်းသိပ်ပြီး အယူသီးတာပဲ..."

"ရှင်လည်း သိပ်ပြီး ခွကျတဲ့လူ"

သူသည် စကားပြောရာ၌ ချက်ချာလှသည်။ ရွံ့ခြင်းမရှိ၊ ဟန်လုပ်ခြင်းမရှိ။ စိတ်ထဲရှိသမျှတို့ကို ဖွင့်ပြောတတ်သည်။ ယောကျ်ားကလေးတစ်ယောက်နှင့်လာ၍ စကားပြောနေရခြင်းအတွက် ရိုးတိုးရှန့်တန့်မဖြစ်။ တစ်ခါတစ်ရံ ဘောက်ဆတ်ဆတ် နိုင်လေသည်။

"အို ကျွန်မအလုပ်တွေလုပ်စရာ ရှိသေးတယ်"

နုရုံသည်ထိုင်နေရာမှ ဖြုန်းခနဲထလိုက်ပါသည်။ သူ၏ကိုယ်လုံးကိုယ် ပေါက် အဆစ်အမျက်မှာပြေပြစ်သည်ဟု မဆိုသာသည့်တိုင်အောင် ကျစ်ကျစ်လျစ်လျစ်နှင့် ချစ်စရာကောင်းသည်။

"ပြန်တော့မလား"

ကျွန်တော်လည်း မတ်တတ်ရပ်လိုက်ပါသည်။ သူပြန်မည်ဆိုတော့ ကျွန်တော့် ရင်ထဲတစ်မျိုးကြီး လှုပ်ရှားသွားလျက် ဟာတာတာကြီးဖြစ်လာပါသည်။

သူကကျွန်တော့်ကို မော်ကြည့်နေပါသည်။ မနေ့ကကဲ့သို့ ရန်တွေ့သော မျက်လုံးများကားမဟုတ်။ တကယ့်ရင်းနှီးသောမိတ်ဆွေ၏ မျက်နှာပေးဖြစ်ပါသည်။

"ရှင့် နက်ဖြန်လာဦးမလား။"

"သန်ဘက်ခါလာမယ်။ မင်းရော လာမလား"

"လာခဲ့မယ်၊ ရှင်လည်း ဆက်ဆက်လာနော်။"

တွယ်တာမှု၏စကားလုံးများသည် ဆင့်ကဲဆင့်ကဲ ပေါ်လာသည်။

ကျွန်တော်သည် ကျွန်တော်တို့၏အဖြစ်ကို အံ့ဩနေမိသည်။ ဘယ်လိုဖြစ် ကုန်တာလဲကွယ်။

* * *

mgyoe.com

## ၄။ ။ မြေအောက် ပင်လယ်

"လာခဲ့မယ်...၊ ရှင်လည်း ဆက်ဆက်လာနော်" တဲ့

ဒီအသံကလေးသည် နာရီနှင့်အမျှ ပြန်လည်ပေါ်ပေါက်လျက် ကျွန်တော်၏ အသည်းနှလုံးများကို ကလိ၍ကလိ၍ နေသလိုဖြစ်နေပါသည်။

ထိုကဲ့သို့ အသံကလေးကို အစဉ်ကြားယောင်၍သာနေမိခြင်းပင်လျှင် သူ့အား ကျွန်တော်စွဲလမ်းနေမိပြီဖြစ်ကြောင်းကို သရုပ်ဖော်နေပါသည်။ ထိုမျှမကသေး၊ နှုတ်ဆက်ချိန်က သူ၏အကြည့်၊ သူ၏ "ဆက်ဆက်လာနော်" ဟူသော မှာကြားချက်၊ ဤသည်တို့ကား သူ၏အတွင်းစိတ်၌လည်း ကျွန်တော့်ကိုတွယ်တာခဲ့ပြီဖြစ်ကြောင်း သိသာနေရကား ကျွန်တော်တို့နှစ်ဦးလုံးမှာ မြားနတ်မောင်၏ ချစ်ကြိုးပင့်ကူအိမ်တွင် မလွန့်မသာမိနေကြပြီဖြစ်ကြောင်း ထင်ရှားလာပါတော့သည်။

နောက်တစ်နေ့တွင် အိမ်ကပေးသောအလုပ်များသဖြင့် ငှတောဘက်သို့ ကူးမသွားနိုင်သည့်တိုင်အောင် ကျွန်တော်၏စိတ်တို့ကား၊ အလုပ်တွင်မရှိ။ နုရုံထံတွင်သာ ရောက်၍နေခဲ့ပါတော့သည်။

သူ၏အပြစ်ကင်းသော အမူအရာ၊ ဘောက်ဆတ်ဆတ်နိုင်သော အပြုအမူ၊ ကြည်လင်သည့်အခါတွင် ချစ်စဖွယ်ကောင်းသော အလေ့အထများ၊ ဒါတွေ အားလုံးမှာလည်း ကျွန်တော့်မျက်စိမှ ဖျောက်လို့လည်း မရတော့ပါ။

နုရုံသည်တစ်မျိုးတစ်ဖုံလှသည်။ သူ၏အလှသည် အခြား ကျွန်တော်တွေ့ဖူးခဲ့သမျှသော အလှတို့နှင့်မတူ၊ တောထဲတွင်ပေါက်နေသော ပန်းရိုင်းကဲ့သို့ ဖြစ်နေသောကြောင့် အသစ်အဆန်းတွင် ရွှင်လန်းနစ်သက်တတ်သော ဤလောက...

ထူးမှတတ်... ရူးမှမြတ်သော ဤလောက... တွင်။

နုရုံကို ကျွန်တော်ချစ်ခင်တွယ်တာမိခြင်းသည် သဘာဝကျသည်ပဲ မဟုတ်ပါလော။

သူ၏ဘောက်ဆတ်ဆတ် အမူအရာ၊ လေဆော့တွင် ကြော့ကြော့ကလေး နေတတ်ပုံနှင့် ဝင့်နေသော သူဆံပင်နောက်တွဲတို့သည် ကျွန်တော့်စိတ်ကူးတွင် ဖျက်မရသော ပန်းချီကားချပ်များ ဖြစ်နေပြန်ပါသေးသည်။

ထို့ကြောင့် ချိန်းထားသောနေ့တွင် ပုံဆွဲရန်မဟုတ်ဘဲ သူ့ချည်းသက်သက် ဘောက်တူကလေးနှင့်တစ်ဖက်ကမ်းသို့ ကူးဖြတ်သွားခဲ့ပါသည်။ တစ်ဖက်သို့ရောက်သော် တွေ့နေကျသရက်ပင်ကြီးအောက်တွင် ထိုင်လျက်၊ စီးကရက်များ တစ်လိပ်ပြီး

mgyoe.com

mgyoe.com

တစ်လိပ်သောက်ရင်း စောင့်နေခဲ့ပါသည်။

ငုပွင့်က ဝါ၊ စိန်ပန်းက နီတာရဲနေပါသည်။

စိန်ပန်းပင်အောက်တွင် ပန်းနီနီကလေးများသည်၊ မြက်စိမ်းပေါ်၌ ကဗ္ဗလာခင်းနေကြသည်။ အပင်ပေါ်မှအတောမသတ်ဘဲ တဖြုတ်ဖြုတ်နှင့် ကြွေကျနေကြပါသည်။

အတော်ကြီးကြာမြင့်အောင် စောင့်နေသည့်အထိ နုရုံကား ပေါ်မလာသဖြင့် ကျွန်တော့်မှာစိတ်အပျက်ကြီး ပျက်ရပြန်ပါသည်။

ကျွန်တော်လည်း မစောင့်နိုင်တော့သည့်အဆုံးဝယ် တောတန်းကလေးဘက်သို့ လျှောက်သွားခဲ့ပါသည်။ ငုတောရှာကလေးကို ငု၊ စိန်ပန်း၊ မာလကာ၊ သရက်သီးတို့အပြင် အင်ကြင်းအနည်းငယ်လည်း စွက်လျက် ကိုင်းချုံဆူးရစ်တို့ဖြင့် ရှုပ်နေသော တောကလေးက ကြားခံနေပါသည်။ ငုတောကို သွားမည်ဆိုလျှင် ဒီတောကလေးကြားမှ တစ်ခုတည်းသောလူသွားလမ်းအတိုင်းသွားလျှင် သွား၊ မသွားလျှင် အခြားကမ်းစောက်စောက်တစ်နေရာမှ ခဲခဲယဉ်းယဉ်းတက်ကာ လယ်ကွင်းတွေထဲက ဖြတ်သွားနိုင်ပါသည်။

ဝဲယာတစ်ဖက်တစ်ချက်တွင် ကိုင်းနှင့်ချုံများပိတ်နေသော်လည်း တောလမ်းကလေးကား လှည်းတစ်စီးသွားနိုင်လုနီးနီး ကျယ်ဝန်းပါသည်။

ကျွန်တော်သည် တောတွင်းသို့ တစ်လှမ်းချင်းဝင်သွားပါသည်။ ငှက်မြည်သံ၊ သစ်ရွက်ရိုက်သံတို့သည် ကျွန်တော့်အား နှစ်လိုစဖွယ်ကြိုဆိုကြပါသည်။ ဆက်ရက်ကလေးများဆိုလျှင်တော့ ကျွန်တော့်ရှေ့တွင် နီးကပ်စွာပျံဝဲသွားကြပါသည်။ သူတို့သည် လူကိုကြောက်ပုံမပေါ်ပါ။

တောလမ်းထဲ အတော်ကလေးကျွံသွားမိလျက် ကွေ့တစ်ကွေ့တွင် နုရုံနှင့် ဘွားခနဲသွား၍ တွေ့လိုက်ပါတော့သည်...

"အို..."

ဒါပဲ၊ သူ ဒီလိုပဲ နှုတ်ဆက်လိုက်ပါသည်။ နုရုံသည် ခြေထောက်တွင် အဝတ်စုတ်များဖြင့် ပတ်တီးစီးထားလျက်၊ မြေမို့မို့တစ်နေရာတွင် ထိုင်နေပါသည်။

"ဟင် မင်းခြေထောက် ဘာဖြစ်လို့လဲ"

ကျွန်တော်သည် သူ့ကိုစိုးရိမ်စွာမေးမိကာ အနားသို့ချဉ်းကပ်သွားခဲ့ပါသည်။ သူကား မျက်လုံးကလေး ကလယ်ကလယ်ဖြစ်လျက် မျက်ရည်များစို့လာပါသည်။

mgyoe.com

mgyoe.com

မျက်ရည်ကလေးတစ်ပေါက်သည် ပါးပေါ်သို့ ကျလာတော့မှ ပြုံးပြလိုက်ပါသည်။ ထိုမျက်ရည်ကြားမှအပြုံးကို ကျွန်တော်တစ်သက်မေ့နိုင်တော့မည်မဟုတ်ပါ။

"ဟိုနေ့ကအပြန်မှာ ဆူးစူးတာ၊ နောက် ပြည်တည်ပြီး... ရောင်လာတာနဲ့"

"အခု ဒီမှာထိုင်ပြီး ဘာလုပ်နေတာလဲ။"

"ကျွန်မရှင့်ကိုတွေ့ဖို့လာတာ ခြေထောက်က သိပ်မထောက်နိုင်ဘူး၊ ကိုက်လည်း ကိုက်တယ်။ ဒါနဲ့ နားလိုက်ရင်း လျှောက်ရင်း၊ နားလိုက်ရင်း လျှောက်ရင်းနဲ့ ဒီနားကျတော့ ဆက်မလျှောက်နိုင်တော့ဘူး။ ဒါကြောင့်မို့ လက်လျှော့ပြီး ထိုင်နေတုန်း ရှင်နဲ့လာတွေ့ရတော့"

"ဒီတော့ ဘာဖြစ်လဲ နုရုံ"

"ကျွန်မ သိပ်ဝမ်းသာတာပဲ"

နုရုံသည် မကွယ်မထောင့် ရှင်းရှင်းနဲ့ဘွင်းဘွင်းပဲ ဖွင့်ပြောရှာပါသည်။ ကျွန်တော်လည်း သူ့ဆားတွင် ဒူးတစ်ဖက်ထောက်ဝင်ထိုင်လိုက်ကာ ရောင်ဖူးနေသော ခြေထောက်ကို ကြည့်လိုက်မိပါသည်။ သူ့ခမျာ ကျွန်တော့်ကို တွေ့ချင်လွန်းသဖြင့် လာရှာခြင်း ဖြစ်ပါသည်။

အံ့သြကြလိမ့်မည်။ အံ့အားသင့်ကြပါပေမည်။

နုရုံနှင့် ကျွန်တော် နှစ်ကြိမ်မျှသာတွေ့၍ အနည်းငယ်မျှပဲ စကားပြောဖူးပါသည်။ သို့စဉ်လျက် ကျွန်တော်တို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အချစ်ပွင့်ဖူး တွေဝေလျက်... ချစ်ကြိုးတွေ အခွေခွေရစ်နှောင်မိကြပါပြီ။

"နုရုံ– မင်း ငါ့ကိုဘာဖြစ်လို့ တွေ့ချင်ရသလဲ..."

နုရုံသည် ကျွန်တော့်နဖူးကိုပဲ ငေး၍ကြည့်နေပါသည်။ ဒီမေးခွန်းအတွက် အဖြေကား သူကိုယ်တိုင်သိချင်နေသော အဖြေပဲဖြစ်သည်။ အဖြေကတော့ ဘယ်မှာလဲကွယ်။

"ကျွန်မ မပြောတတ်ဘူး။ ရှင့်ကိုဘာကြောင့်လဲမသိဘူး၊ သိပ်တွေ့ချင်တာပဲ"

မနေ့တစ်နေ့က လေသံနှင့်ကွာခြားလှပါလေသည်။ သူ၏အသံမှာ နုနယ်လှသည်။ အတော်ကြီးပဲ နုနယ်လှသည်။ ပြီးတော့ သူ၏မျက်လုံးများတွင် ချစ်ငွေ့ရိပ်ရောင်များ သန်းလျက်နေကာ ပါးကလေးများသည် နွေးထွေးလာပါသည်။

ကျွန်တော်သည် ဘာမျှမပြောတော့ဘဲ သူ၏လက်ကလေးကို အသာအယာ ဆွဲယူလိုက်မိပါသည်။ သူကား ရုန်းကန်ခြင်းမပြုသည့်အလျောက်၊ ကျွန်တော့်မှာ

mgyoe.com

mgyoe.com

ပိုမိုအတင့်ရဲလာရတော့ကာ သူ့ဘေးတွင်ဝင်ရောက်ထိုင်မိလျက်၊ ပခုံးကလေးကိုပါ ယုယစွာ ဖက်မိတော့ပါသည်။

"နုရုံ... မင်းကို ငါချစ်တယ်"

ထိုစကားများကို ကျွန်တော်သည် နှစ်ကိုယ်ကြားပဲ တီးတိုးပြောလိုက်ပါသည်။ သို့ရာတွင် အဆိုပါစကားများမှာ တစ်တောလုံး ပဲ့တင်ထပ်သွားသည်ဟု ထင်ပါသည်။ တစ်တောလုံးဟိန်းသွားကောင်း ဟိန်းသွားပေမည်။ လေသည် တောလမ်းကြောင်းတစ်လျှောက် ဝှေ့၍လာလျက် သစ်ရွက်ရိုက်ခတ်သံများမှာလည်း၊ ကျွန်တော့်၏စကားများကို ကောင်းချီးပေးနေသလိုပဲ ထင်မိပါသည်။ ငှက်ငယ်တို့၏ အသံများမှာလည်း ကျွန်တော့်စကားကို သက်သေအဖြစ် အသိအမှတ်ပြုနေကြပြီလောဟု ထင်မှတ်ဖွယ်ရာဖြစ်နေပါသည်။

ပြီးတော့ မိုးကလေးတစ်ဖြောက်နှစ်ဖြောက်ကျလေသည်။

"ဟော... မိုးရွာပြီ။ စိုကုန်တော့မှာပဲ..."

"ဟို... ဟိုဘက်မှာ သစ်ပင်တွေအုပ်နေတာ တော်တော်ပိတ်တယ်။ ပြီးတော့ ချုံကြီးလည်းရှိတယ်။ ထိုင်နေမယ်ဆိုရင်တောင် ခေါင်းလွတ်တယ်၊ အဲဒီနေရာမှာ ခိုမှပဲ"

ကျွန်တော်သည် နုရုံ၏ကိုယ်ကလေးကို ဆွေ့ခနဲနေအောင် ပွေ့လိုက်ကာ သူလက်ညှိုးညွှန်ပြနေသောနေရာသို့ အရောက်ပြေးခဲ့မိပါသည်။ သစ်ပင်၊ သစ်ရွက်များအကြားမှ ဖောက်ထွင်းဆင်းသက်နေသော မိုးပေါက်တို့သည် ကျွန်တော့်အား လိုက်လံနှောက်ပြောင်နေကြပါသည်။

သူပြောသော ချုံကြီးအောက်ရောက်လျှင် လျှို၍ဝင်လိုက်ကာ မောမောနှင့် ထိုင်ချမိပါသည်။ ထိုအချိန်အထိ သူ့အား အပွေ့မပျက်သေးပါ။ သူလည်း ကျွန်တော့် ရင်ခွင်ထဲဝယ် ခေါင်းကလေးကပ်ကာ မျက်လုံးများစုံမှိတ်ထားရှာပါသည်။

"နုရုံ..."

သူသည် နှုတ်ခမ်းကလေးများဖြင့်မထူးဘဲ ပါးစပ်စေ့လျက်သားနှင့် "ဟင်" ဟူ၍ ထူးလိုက်ပါသည်။ သူ့မျက်လုံးများမှာ ပိတ်နေပါသည်။ ရှည်လျားသော မျက်တောင်များသည် ငြိမ်ဝပ်စွာဆင်းနေကြပါသည်။

မိုးရေတို့ကား ဗွတ်အတင်းထိုးဆင်းနေဆဲပင် ဖြစ်နေပါသည်။ ပိတ်နေသော ချုံအတွင်းသို့ပင် တစ်စက်စက်ကျနေသေးသည်။ ချုံ၏အပြင်အပတွင်ကား မိုးပေါက်

mgyoe.com

တို့သည် ပြင်းပြင်းထန်ထန်သွန်းချနေကြလေသည်။

ကျွန်တော်လည်း စိတ်မချုပ်တီးနိုင်တော့ဘဲ သူ၏အိနေသော ပါးဖောင်းဖောင်းကလေးတွင် မွှတ်သိပ်သော နှာခေါင်းကိုမြှုပ်နှံလျက် အားပါးတရ ရှိုက်မွှေးမွှေးလိုက်မိပါတော့သည်။

"အို..."

သူ၏မျက်လုံးကလေးများမှာ၊ ပွင့်သယောင်ယောင်ဖြစ်လာလျက်၊ ကျွန်တော့်မျက်နှာကို ကြည့်လိုက်ပါသည်။ ပြီးတော့ ပြန်မှိတ်သွားသည်။ ပါးကလေးနှစ်ဖက်လုံးတွင် ရှက်သွေးများဖြန်းလာပါသည်။ ကျွန်တော်လည်း ဇွတ်နှစ်လျက်၊ ကျန်တစ်ဖက်ပါးကလေးကိုပါ မွှေးလိုက်သောအခါတွင်ကား၊ သူသည် ပြုံးယောင်ယောင်ကလေးဖြစ်သွားတော့လျက် ကျွန်တော့်အား ပြန်လည်ဖက်ထားသည့်အထိဖြစ်လာပါသည်။

"ရှင့်ကိုလည်း ကျွန်မ ချစ်... ချစ်တယ်..."

ဟန်ဆောင်မှု၊ မျက်နှာချိုမှု၊ မထိတထိလှည့်ဖျားမှု ပရိယာယ်ဝေဝုစ် လုံးဝမပါ၊ အရိုးခံစိတ်ဓာတ်အတိုင်း ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံလိုက်သောအခါ၌ကား ကျွန်တော်၏ရင်တွင်း၌ အေးခနဲဖြစ်သွားကာ သူ့ကိုယ်လုံးကလေးကြေမွသွားစေတော့မလောက် တင်းတင်းကပ်ကပ်ကျပ်ကျပ်ကြီး ဖက်လိုက်မိပါတော့သည်။

ကျွန်တော်၏မွှေးမွှေးကလေးများကို သူသည် ကြည်နူးစွာ ခံယူပါသည်။ ပြီးလျှင် ကျွန်တော့်ကိုယ်ကိုလည်း တင်းတင်းကျပ်ကျပ်ပြန်လည်၍ ဖက်ထားပါသည်။

အချိန်အတော်ကြာသွားသည်။ မိုးကရွာနေဆဲပင် ရှိပါသေးသည်။

ကျွန်တော်သည် နုရုံအား ဖျစ်ညှစ်၍ ဖက်ထားရာမှ လျှော့လိုက်ပါသည်။ သူလည်း ရှက်စနိုးသော အမူအရာကလေးဖြင့် ကျွန်တော့်ပေါင်ပေါ်မှမြေပေါ်သို့ လျှောဆင်းလိုက်ပါသည်။ ပြီးတော့ လက်ကိုနောက်ဘက်သို့ပစ်ကာ ရင်ကလေးကော့လျက် ကျွန်တော့်မျက်နှာကို ပြုံးပြုံးကလေးကြည့်နေပါသည်။

"ရှင်... ရှင်... ကျွန်မကို တကယ်ချစ်တာလားဟင်..."

"တကယ်ပေါ့ နုရုံ..."

ကျွန်တော်သည် အားမလိုအားမရနှင့် သူ့အနားတိုးသွားကာ သူ့ပခုံးကလေးကို မွှေးလိုက်ပါသည်။

မိုး... မိုးကား... ရွာနိုင်ဘိသော်ကော...

mgyoe.com

mgyoe.com

မိုးသံလေသံမှတစ်ပါး တစ်တောလုံးအခြားအသံများမကြားရတော့ပေ။ ရွာနှင့်လည်း ခေါ်၍ပင်မကြား၊ လူကွယ်ရာဒေသတွင် နုရုံနှင့် ကျွန်တော် နှစ်ယောက်တည်း လာ၍မှဆုံတတ်ပလေတယ်...

ကျွန်တော်သည် မြေပေါ်၌၊ ပက်လက်လှန်၍ အိပ်လိုက်သည်။ နုရုံလည်း ကျွန်တော့်ဘက်သို့လှည့်လာလျက် ကျွန်တော့်ကိုယ်ပေါ်မိုးကာ ချစ်မဝသော မျက်လုံးများဖြင့် တစိမ့်စိမ့်စိုက်ကြည့်နေပါသည်။ သူ၏ရင်ကလေးမှာ နိမ့်ချည် မြင့်ချည့်ဖြစ်နေကာ မျက်နှာမှာလည်း ရဲရဲနီလာပါသည်။ ပြီးတော့ ခေါင်းငုံ့သွားသည်။

"နုရုံ..."

ကျွန်တော်သည် သူ၏ခါးကလေးကို ညာဘက်လက်ဖြင့် လှမ်း၍ဖက်လိုက်မိရာဝယ်... သူ၏ကိုယ်ကလေးသည် ညွှတ်သွားတော့လျက် ကျွန်တော့်ရင်ပေါ်သို့ ပုံ့ပုံ့ကလေး ခွေလာပါသည်။

"နုရုံ... ချစ်တယ်ကွယ်...."

နုရုံသည် ကျွန်တော်၏ဆံစများကို အသာအယာပွတ်သပ်ပေးပါသည်။ သူသည် တောသူတစ်ယောက်လည်း ဖြစ်သည်။ အသက်အရွယ်ကလည်း အပျိုဖြန်း...

ဒါပေမဲ့ အချစ်ဆိုတာကိုတော့ ကောင်းစွာနားလည်ပါသည်။

ဒါကြောင့်မို့ပဲ... ဒီလိုနဲ့ပဲ... ပြီးတော့... နောက်ပြီးတော့လေ...

* * *

## ၅။ ။ မျက်နှာငယ်နဲ့ အညစ်အစွန်း

ထိုနေ့က နုရုံအားလိုက်၍ပို့ရင်း သူ၏အိမ်ကလေးသို့ ရောက်သွားခဲ့ပါသည်။

သူတို့နေထိုင်ရာ "အိမ်" ဟူ၍ သမုတ်အပ်သော နေရာထိုင်ခင်းမှာ ဓနိမိုး ကျူဖျာကာသော တဲကလေးမျှသာဖြစ်လျက် သူ့အဘိုးအဘွားနှင့် သူ... သုံးယောက်တည်းနေကြပါသည်။ သူ၏မိခင်နှင့်ဖခင်တို့က အနိစ္စရောက်သွားပြီဟု သိရပါသည်။

သူတို့အိမ်သို့ ဝင်လျှင်ပင် နတ်အုန်းသီးဆွဲထားခြင်းကို သတိပြုမိပါသည်။ အိမ်ထဲတွင်လည်း ခေါင်းရင်းဘက်၌ သတ္တဋ္ဌာနဘုရားကားတစ်ချပ်ကို ခေါင်းရင်းဘက်ကျူထရံတွင် ဝါးချောင်းကလေး လေးချောင်းဖြင့် လေးထောင့်က ဘွယ်ကပ်ထားသည်။ ထိုသတ္တဋ္ဌာနဘုရားကား၏လက်ယာဘက်၊ အခန်းထောင့်စွန်းကား သနပ်ခါးတွေပက်ထားသဖြင့် အကွက်အကွက်နှင့် ညစ်ပတ်နေသည်။ ရှာပန်းထည်ဖြူနီကို

mgyoe.com

mgyoe.com


လည်း ချည်ထားပါသေးသည်။ လက်ဝဲဘက်ထောင့်တွင်လည်းတစ်မျိုး နုရုံ၏ခေါင်းရင်း၌လည်း ရွာတွင်းပန်းချီဆရာက ခဲဖြင့်ဆွဲထားသော နယ်ပိုင်အရှင်ကြီး၏ရုပ်ပုံကို တွေ့နိုင်သေးသည်။ နယ်ပိုင်အရှင်ကြီးဆိုသည်ကား အခြားအခြားသော နတ်တွေများကဲ့သို့ အနီးအပါးတွင် ကျားကြီးတစ်ကောင် ရှိနေသေးသည်။ အသိဉာဏ်ကြောင့်သာ ကျားရုပ်ပါတကားဟု ယူဆရသည်။ စင်စစ်ဆွဲထားသောပုံမှာ၊ ကြောင်ရုပ်နှင့်တူနေပါသည်။

အဘိုးကြီးနှင့်အဘွားကြီးမှာ ပြူးပြူးကြောင်ကြောင်ဖြစ်လျက် ကျွန်တော်တို့နှစ်ဦးအား ငေး၍... ကြည့်နေပါသည်။ မြို့ဂိုက် မြို့ဟန်ထင်ရှားလှသည့် လူပျိုလူရွယ်တစ်ယောက်က သူတို့၏မြေးပျိုရွယ်ကလေးကို ရင်းရင်းနှီးနှီးတွဲလျက်၊ ဖေးလျက်ခေါ်လာသည်ကို တွေ့ရသောအခါ မျက်လုံးများပြူးထွက်လုနီးနီးဖြစ်ရင်း "ကြောင်" နေခဲ့ကြပါသည်။

နောက် နုရုံက လှည့်ပတ်၍ပြောဆိုလိုက်မှ ရှင်းသလိုလိုဖြစ်သွားပုံပါသည်။ သို့သော်... တွေ့ဖူးကျွမ်းဖူးသည်မှာ မကြာသေးဟုဆိုလျက်နှင့် ဘာကြောင့် အခုလောက်ရင်းနှီးရသလဲ၊ နောက်ပြီး ကျွန်တော်ကလည်း သူတို့၏မြေးကို ဘာကြောင့် ဒီလောက်ယုယရသလဲ၊ နောက်ပြီး နုရုံကလည်း ကျွန်တော့်ကို ဘာကြောင့် ဒီလိုကြည့်ရသလဲ... ဒါတွေကို သူတို့ဇဝေဇဝါဖြစ်နေတုန်းပါ။

သူတို့သည် ကျွန်တော့်အား အစပထမက ရင်းနှီးလိုစိတ်၊ မိတ်ဖြစ်လိုစိတ်များထားပုံ မပေါ်ပါ။ ခပ်စိမ်းစိမ်းပဲ နေတတ်လျက် တစ်ခါတစ်ရံ မျက်နှာကြီးများပုပ်နေတတ်ပါသေးသည်။

"ဒါပေမဲ့ လာသာလည်ပါ...၊ ကျွန်မခြေထောက် မပျောက်ခင်ဆိုရင် ဟိုနေရာကို လာနိုင်မှာမဟုတ်ဘူး"

ဟု ခခယယ တောင်းပန်ရှာသော နုရုံကြောင့် အဘိုးကြီး၏ မျက်မှောက်ကြုတ်ခြင်း၊ အဘွားကြီး၏ မျက်စောင်းခဲခြင်းတို့အကြားမှ နုရုံထံသွားရောက်လည်ပတ်ခြင်းများပြုခဲ့ပါသည်။

အဘိုးကြီးနှင့်အဘွားကြီးက မြို့သားများအပေါ်အယုံကြည်ရှိပုံမပေါ်ပါ။ သူတို့စိတ်ထဲ၌ မြို့သား... အထူးသဖြင့် ကျွန်တော့်လို ပညာတတ်များသည် တောသူများကို အတည်ကြံလိမ့်မည်မဟုတ်။ ယခင်တစ်ခါ ဦးမြိုင်၏သမီး မအေးခင်လို ဗိုက်တစ်လုံးနှင့်ကျန်မှ ပစ်သွားလိမ့်မည်ဟူ၍ပဲ စွဲမြဲယုံကြည် အယူသည်းနေပါသည်။

mgyoe.com

mgyoe.com


နုရုံကလည်း ပြောင်ပြောင်ပဲ ဖွင့်ဟဝန်ခံခဲ့ရာ ကျွန်တော်တို့နှစ်ဦးရောက်ရှိကြသော အခြေအနေကို အဘိုးကြီးနှင့်အဘွားကြီးတို့ သိသွားကြပါသည်။ သူတို့ကတော့ သဘောမတူကြ။ "တကယ်ယူမယ်ဆိုရင်တော့ မင်းဟာက အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားပေါ့" ဟူ၍ပြောခဲ့ကြောင်းကို နုရုံက ပြန်ပြောပါသည်။ "ဒါပေမဲ့... ဟိုမြို့သားက မင်းကိုအပျော်သက်သက်ကျောရရုံကြံတာပဲ... လို့ ငါထင်တယ်"

"ဟင်... ကိုကျော်ဝင်း... ကျွန်မကို တကယ်ချစ်တာလား၊ ကျွန်မနဲ့တကယ်ပဲ တစ်သက်နေမှာလား... ဒါမှမဟုတ်... အပျော်ကြံတာများလားရှင်..."

နုရုံသည် အဘိုးကြီးနှင့်အဘွားကြီးတို့၏ စကားများကိုပြန်လည် ပြောဆိုရင်း ကျွန်တော့်အား စိုးရိမ်တကြီးမေးခဲ့ရှာပါသည်။

"ကိုယ့်ကို ဒါလောက်ပဲ အထင်သေးသလား နုရုံရယ်"

ဘယ်လိုပဲဖြစ်ဖြစ် အဘိုးကြီးနှင့်အဘွားကြီးတို့က ကျွန်တော့်ကို မယုံကြည်ကြ။ ကျွန်တော်သွားရောက်လည်ပတ်ခြင်းကိုလည်း မနှစ်မြို့ကြ။ သို့သော် တားမြစ်ခြင်းကား မပြုခဲ့ကြပါ။ မိဘမဲ့မြေးကလေးကို စိတ်မချမ်းသာ မဖြစ်စေလိုသော ကြောင့်ဖြစ်ကောင်းဖြစ်ပေမည်။

ထိုမျှသာမကသေး မိုးရွာသောနေ့က ကျွန်တော်တို့နှစ်ဦး ရောက်ရှိသွားခဲ့သောအခြေအနေကို ပြန်၍ကြည့်လျှင် နုရုံနှင့် ကျွန်တော်တို့မှာ လွန်မင်းစွာ ရင်းနှီးသောသူများအဖြစ်သို့ ရောက်ရှိသွားပြီးလည်းဖြစ်၍ ကျွန်တော်တို့၏ အချစ်ပန္နက်သဲကို ခိုင်မြဲသည်ထက် ခိုင်မြဲစေရန် ကြိုးပမ်းဖို့သာ လိုတော့သည်။ အချစ်ချင်းခွဲပစ်ရန်မှာ သမီးရင်းများဘက်က ပြုရာပြုနိုင်သည့် ကိစ္စမဟုတ်တော့ဟူ၍ သူတို့နားလည်ပုံပေါ်ပါသည်။

"ကိုကျော်ဝင်း... ဒီလိုဖြစ်ခဲ့ပြီးမှ... နောက် ကျွန်မကိုပစ်မသွားပါနဲ့နော်..."

ဟူ၍ နုရုံသည် ထိုနေ့က ကျွန်တော့်အား မျက်ရည်ရွှဲသော မျက်လုံးကြီးများဖြင့်ကြည့်လျက် တောင်းပန်ပုံနှင့် တောင်းပန်သံတို့မှာ ကျွန်တော်၏ မျက်စိနှင့်နားများမှ မကွယ်မပျောက်နိုင်တော့ပါ။ ကျွန်တော်၏ စိတ်ထဲ၌ သံမှိုနှင့်စွဲသလို မြဲ၍သာနေပါတော့သည်။

သို့နှင့် နုရုံကလေးအား ရိုးမြေကျပေါင်းရန် ကြံရွယ်လျက် သူ့ထံသို့ မပျက်မှန်မှန်လည်ပတ်၍ သွားနေခဲ့ပါသည်။

mgyoe.com